# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)


၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက် ၂၀၂၃ ခုနှစ်၊ မတ် ၂၅ ရက်၊ စနေနေ့ အတွဲ (၆၂)၊ အမှတ်(၁၇၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးကျင်းပ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် မတ် ၂၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❖


**နိုင်ငံသူ နိုင်ငံသားများ ဝင်ငွေရှိမှသာလျှင် တိုင်းပြည်သာယာဝပြောမည်ဖြစ်ပြီး ထိုသို့ ဆောင်ရွက်နိုင်ရေး အတွက် တိုင်းပြည်အတွင်း စားရေရိက္ခာထုတ်လုပ်မှု ကောင်းမွန်ရမည်ဖြစ်**

**လောင်စာဆီနှင့်ပတ်သက်၍ ရေနံနှင့် ရေနံထွက်ပစ္စည်းများကို နှစ်စဉ် အမေရိကန်ဒေါ်လာသန်း ၆၀၀၀ ကျော်ဖိုးခန့် ဝယ်ယူတင်သွင်းရလျက်ရှိသဖြင့် လောင်စာဆီသုံးစွဲမှုများကို ထိန်းသိမ်းဆောင်ရွက်**


ယနေ့ ဖတ်စရာ

လွတ်လပ်ရေးရရန် ဘဝသစ်သို့ ၃၅ မိနစ်အလိုတွင် ရေးခဲ့သော တော်လှန်ရေးတပ်သားကောင်းတစ်ဦး၏ ဥဒါန်း
(၇၈) နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုဆောင်းပါး | စာ - ၁၀

ယူဂန္ဓာနိုင်ငံသို့ ဝင်ရောက်လာသည့် ခရီးသွားများ အတွက် ကိုဗစ်-၁၉ စစ်ဆေးထားသည့် လက်မှတ်များပြသမှုကို ဖြေလျှော့ပေး
နိုင်ငံတကာသတင်း | စာ - ၁၃

ဥပဒေပြုရေးဆိုင်ရာ လွှတ်တော် ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း (အိုက်စလန်နိုင်ငံ)
ဆောင်းပါး | စာ - ၁၆

# စီးပွားရေးမောင်းနှင်အားမြှင့်တင် ကုန်ထုတ်လုပ်မှုမြင့်မားရေးကြိုးပမ်း

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က အားသွန်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မိမိတို့ နိုင်ငံသို့ ကိုဗစ်-၁၉ ရောဂါ စတင်ဝင်ရောက်လာချိန်မှစ၍ နိုင်ငံ၏စီးပွားရေး တဖြည်းဖြည်းကျဆင်းခဲ့ရာ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှု (Gross Domestic Product-GDP)မှာ အနုတ်လက္ခဏာပြသည့် အခြေအနေသို့ ဆိုက်ရောက်ခဲ့ရသည်။ ပြည်တွင်းကုန်ထုတ်လုပ်မှုကဏ္ဍကို အားမပေးဘဲ ကုန်သွယ်ရောင်းဝယ်မှုကဏ္ဍကိုသာ ပိုမိုလုပ်ကိုင်ခဲ့ကြခြင်းကြောင့် ကုန်သွယ်ရေးလိုငွေပြမှု အများအပြားဖြစ်ပေါ်ခဲ့သလို ဂျီဒီပီအနေဖြင့်လည်း ၂၀၂၀-၂၀၂၁ ခုနှစ်တွင် အနုတ် ၅ ဒသမ ၉ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ရသည်။

နိုင်ငံတော်အနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၁၂) ရပ်တို့ ချမှတ်၍ အကောင်အထည်ဖော်ရာတွင် စီးပွားရေးကဏ္ဍ၌ "စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး" ဦးတည်ချက် ချမှတ်ဆောင်ရွက်လျက်ရှိသည်။ မိမိတို့နိုင်ငံ၏ အခြေခံအကျဆုံး စီးပွားရေးလုပ်ငန်းများမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးတို့ဖြစ်ရာ ယင်းလုပ်ငန်းများကို ခေတ်မီနည်းစနစ်များ အသုံးပြု၍ ဖွံ့ဖြိုးတိုးတက်စေပြီး ကုန်ထုတ်လုပ်မှုမြင့်မားအောင် မြှင့်တင်သွားရမည်ဖြစ်သည်။ ယင်းမှတစ်ဆင့် အခြားစီးပွားရေးနယ်ပယ်များကိုပါ ဆက်စပ်၍ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းသွားရန် ဦးတည်ချမှတ်ထားခြင်းဖြစ်သည့်အလျောက် အခြေခံကျသည့် စိုက်ပျိုးမွေးမြူကုန်ထုတ်လုပ်မှုများ တိုးတက်လာရန် သက်ဆိုင်သူအားလုံးတို့က ကဏ္ဍအသီးသီးမှ အောင်မြင်အောင် ဆောင်ရွက်ကြရန်လိုသည်။

"နိုင်ငံတစ်နိုင်ငံအနေဖြင့် နိုင်ငံရေးမောင်းနှင်အား၊ စီးပွားရေးမောင်းနှင်အားနှင့် ကာကွယ်ရေးမောင်းနှင်အားတို့ဖြင့်လည်ပတ်ဆောင်ရွက်ရပြီး ၎င်းမောင်းနှင်အားများအနက် စီးပွားရေးမောင်းနှင်အားသည် အဓိကအကျဆုံးဖြစ်ကြောင်း၊ စီးပွားရေးမောင်းနှင်အား ကောင်းမွန်မှသာ နိုင်ငံရေးနှင့် ကာကွယ်ရေးမောင်းနှင်အားတို့ကို တည်ဆောက်နိုင်မည်ဖြစ်ပြီး အမျိုးသားရေးမျှော်မှန်းချက်နှစ်ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကိုလည်း ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပြောကြားခဲ့ရာ စီးပွားရေးမောင်းနှင်အားကို မြှင့်တင်ခြင်းသည် ကျန်မောင်းနှင်အားနှစ်ရပ်ကိုသာမက အမျိုးသားရေးမျှော်မှန်းချက်တို့ကိုပါ ပြည့်မြောက်စေမည်ဖြစ်သည်ကို သတိပြုကြရန်ပင်ဖြစ်သည်။ မိမိတို့နိုင်ငံတွင် လယ်ယာလုပ်ကိုင်သူတစ်ဦး၏ တစ်နှစ်ဝင်ငွေသည် ပတ်ဝန်းကျင်နိုင်ငံများရှိ လယ်ယာလုပ်ကိုင်သူတစ်ဦး၏ တစ်နှစ်ဝင်ငွေနှင့် နှိုင်းယှဉ်ပါက များစွာနိမ့်ကျနေရခြင်းမှာ တစ်ဦးချင်း၏ ထုတ်လုပ်နိုင်စွမ်းနှင့် ယှဉ်ပါကလည်း များစွာနိမ့်ကျနေခြင်းက အချက်တစ်ချက်အဖြစ် ပါဝင်သည်။

မြန်မာနိုင်ငံ၏ အဓိကစိုက်ပျိုးသီးနှံသည် စပါးဖြစ်ပြီး လွန်ခဲ့သော နှစ်ပေါင်း ၈၀ ကျော်ကာလ ဒုတိယကမ္ဘာစစ်မဖြစ်မီက နှစ်စဉ် ဆန်တန်ချိန် သုံးသန်းကျော် ကမ္ဘာ့ဈေးကွက်သို့ တင်ပို့ခဲ့သည့် သမိုင်းကြောင်းရှိခဲ့ရာ မိမိတို့၏ မြေ၊ ရေ သယံဇာတတို့ကို အကျိုးရှိရှိအသုံးချကာ ပန်းတိုင်အထွက်နှုန်းများ ပြည့်မီအောင် ဆောင်ရွက်ကြခြင်းဖြင့် ကမ္ဘာ့ဆန်တင်ပို့သည့် အဓိကနိုင်ငံတစ်နိုင်ငံအဖြစ် ပြန်လည်ရောက်ရှိလာနိုင်မည်ဖြစ်သည်။ စိုက်ပျိုးမွေးမြူကုန်ထုတ်လုပ်မှုတွင် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ခြင်းဖြင့် ကမ္ဘာ့ဈေးကွက်တွင် စားသောက်ကုန်ထုတ်လုပ်ပေးသည့် အဓိကနိုင်ငံအဖြစ် ပါဝင်လာစေရန် အားသွန်ခွန်စိုက် ကြိုးပမ်းကြရေး နှိုးဆော်တိုက်တွန်းအပ်ပါကြောင်း။ ။

## (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

- ✰ ဒို့တာဝန်အရေး (၃) ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏ အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။
- ✰ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအပေါ်အခြေခံ၍ ဖြစ်နိုင်သမျှအလေးထားဆောင်ရွက်ရေး။
- ✰ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။
- ✰ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## အစိုးရဓမ္မာစရိယစာမေးပွဲ (စတုတ္ထနေ့)ကျင်းပ

နေပြည်တော် မတ် ၂၄

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၃ ခုနှစ်၊ အစိုးရဓမ္မာစရိယစာမေးပွဲကို ယနေ့ (စတုတ္ထနေ့) နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၇၀ ဌာနတို့တွင် စာဖြေစာရင်းသွင်း ၁၃၈၈၀ ပါး/ဦးအနက် ၁၀၂၆ ပါး/ဦး ဖြေဆိုကြသဖြင့် ၇၉ ဒသမ ၄၃ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## တိမ်အအသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် မတ် ၂၄

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အအသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ် (၁၀၃) နှင့် အရာထမ်းငယ်သင်တန်းအမှတ်စဉ် (၉၃) တို့၏သင်တန်းဆင်း အခမ်းအနားကျင်းပ

နေပြည်တော် မတ် ၂၄

စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ် (၁၀၃) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၊ တက္ကသိုလ်စစ်ရေးပြကွင်း၌ စစ်ရေးပြအစီအစဉ်ဖြင့် ကျင်းပရာ ပါမောက္ခချုပ်က သင်တန်းသား သင်တန်းသူ စံပြဆု၊ ပထမဆု၊ ဒုတိယဆု၊ သေနတ်ပစ်ထူးချွန်ဆု၊ စစ်ရေးပြထူးချွန်ဆုရရှိသူများနှင့် သင်တန်းဆင်း အောင်လက်မှတ်များကို ချီးမြှင့်ခဲ့ပြီး သင်တန်းဆင်းမိန့်ခွန်း ပြောကြားသည်။



သင်တန်းဆင်း အခမ်းအနားသို့ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ပါမောက္ခများ၊ သင်ကြားစီမံဌာနများမှ တာဝန်ရှိသူများနှင့် သင်တန်းသား ၃၀၉ ဦး၊ သင်တန်းသူ ၄၈၄ ဦး စုစုပေါင်း ၇၉၃ ဦးတို့ တက်ရောက်ပြီး သင်တန်းကာလမှာ ဇန်နဝါရီ ၁၆ ရက်မှ မတ် ၂၄ ရက်အထိ ရက်သတ္တ ၁၀ ပတ် ကြာမြင့်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ အရာထမ်းငယ်သင်တန်း အမှတ်စဉ်(၉၃)၏ သင်တန်းဆင်းပွဲ အခမ်းအနားကို နံနက် ၈ နာရီတွင် ရတနာခန်းမ၌ ကျင်းပရာ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်စိုး၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ပါမောက္ခများ၊ သင်ကြားစီမံဌာနများမှ တာဝန်ရှိသူများနှင့် သင်တန်းသား ၂၀၄ ဦး၊ သင်တန်းသူ ၂၇၆ ဦး စုစုပေါင်း၄၈၀ တက်ရောက်သည်။

အဆိုပါသင်တန်းဆင်းပွဲတွင် ပါမောက္ခချုပ်က သင်တန်းဆင်းအမှာစကား ပြောကြားပြီး (အပေါ်ပိုး) သင်တန်းသား သင်တန်းသူ စံပြဆု၊ ပထမဆု၊ ဒုတိယဆု၊ သေနတ်ပစ်ထူးချွန်ဆု၊ စစ်ရေးပြ ထူးချွန်ဆုရရှိသူများနှင့် သင်တန်းဆင်း အောင်လက်မှတ်များကို ချီးမြှင့်သည်။ ယင်းသင်တန်းကို Hybrid Learning System ဖြင့် ဖွင့်လှစ်ခဲ့သည့် သင်တန်းဖြစ်ပြီး Online မှ ၂၀၂၂ ခုနှစ် နိုဝင်ဘာ၂၈ ရက်မှ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်အထိ ရက်သတ္တ ၁၂ ပတ်၊ In-house တွင် ဖေဖော်ဝါရီ၂၇ ရက်မှ မတ် ၂၄ ရက်အထိ ရက်သတ္တ လေးပတ် စုစုပေါင်း ရက်သတ္တ ၁၆ ပတ် ကြာမြင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အသိပေးနှိုးဆော်ချက်

(၇၈) နှစ်မြောက်၊ တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားအား ၂၇-၃-၂၀၂၃ ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် အဆိုပါနေ့ရက်တွင် ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ပျဉ်းမနားမြို့နယ်၊ ဘောဂသီရိမီးပွိုင့်မှ ဇေယျာသီရိမြို့နယ်၊ သိုက်ချောင်းလမ်းဆုံမီးပွိုင့်အထိ ယာဉ်သွားလာမှုအား နံနက် (၀၀၀၅) အချိန်မှ (၁၀၀၀) အချိန်အထိ ခေတ္တလမ်းပိတ်/ လမ်းလွှဲဆောင်ရွက်သွားမည်ဖြစ်သဖြင့် မော်တော်ယာဉ်မောင်းနှင်သွားလာနေကြသည့် ယာဉ်မောင်းများအနေဖြင့် ၎င်းနေ့တွင် နေပြည်တော် ၊ ဇေယျာသီရိမြို့နယ်၊ သိုက်ချောင်းလမ်းဆုံမီးပွိုင့်မှ နိဗ္ဗာန်လမ်း(မြို့ပတ်လမ်း) အတိုင်း ခွာညိုပန်းအဝိုင်းအထိ၊ ၎င်းမှ ရာဇသင်္ဂဟလမ်းအတိုင်း၊ ကုမုဒြာကြာပန်းအဝိုင်းအထိ၊ ရာဇဌာနီလမ်းအတိုင်း ပျဉ်းမနားမြို့နယ်၊ ပန်းခင်းလမ်းမီးပွိုင့် - ဘောဂသီရိမီးပွိုင့်မှတစ်ဆင့် ရန်ကုန် - မန္တလေးလမ်းဟောင်းမှ လမ်းလွှဲမောင်းနှင်ပေးကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကို တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ ပေးအပ်စဉ်။

❖ ရှေ့ဖုံးမှ

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဦးဝဏ္ဏမောင်လွင်၊ ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှူထန်၊ ဦးမောင်ကို၊ ဒေါက်တာအောင်ကျော်မင်း၊ ဒေါက်တာကျော်ထွန်း၊ ခွန်စံလွင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ ဗဟိုဘဏ်ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အဖွင့်အမှာစကားပြောကြား**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ နိုင်ငံတကာဆက်ဆံရေးနှင့် ကာကွယ်ရေးတို့အတွက် အစီအမံများ ချမှတ်ဆောင်ရွက်ရကြောင်း၊ မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်လည်း နိုင်ငံတော်ကို တာဝန်ယူဆောင်ရွက်ချိန်တွင် ရည်မှန်းချက် (၅) ရပ်နှင့် ဦးတည်ချက် (၁၂) ရပ်ကို ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့ဆောင်ရွက်နေရသည့် အခန်းကဏ္ဍသည် နိုင်ငံတော်အဆင့် ဆောင်ရွက်နေရခြင်းဖြစ်သောကြောင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အလေးထားစဉ်းစား ဆောင်ရွက်ကြရန် လိုကြောင်း။

- **၂၀၂၀ ပြည့်နှစ် ကိုဗစ် - ၁၉ ရောဂါ စတင်ဖြစ်ပွားချိန်မှစ၍ နိုင်ငံ့စီးပွားရေးသည် တဖြည်းဖြည်းကျဆင်းလာခဲ့၊ ယခင်အစိုးရလက်ထက်တွင် ပြည်တွင်းစီးပွားရေးအားပေးမှုနှင့် စီမံခန့်ခွဲရေးပိုင်းတို့တွင် အားနည်းခဲ့ခြင်းကြောင့် ၂၀၂၀- ၂၀၂၁ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် နိုင်ငံ၏ဂျီဒီပီသည် အနုတ် ၅ ဒသမ ၉ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့**
- **ထိုသို့ ဖြစ်ပေါ်နေသည့် အခက်အခဲများကြားမှ မိမိတို့အစိုးရ တာဝန်ယူဆောင်ရွက်ချိန်တွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်ခဲ့ခြင်းကြောင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် အောက်တိုဘာမှ မတ်လအထိ ပထမခြောက်လပတ်ကာလတွင် နိုင်ငံ၏ ဂျီဒီပီမှာ ၂ ဒသမ ၄ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့**
- **အနုတ် ၅ ဒသမ ၉ ရာခိုင်နှုန်းမှ အပေါင်း ၂ ဒသမ ၄ ရာခိုင်နှုန်းအထိ တိုးတက်လာခြင်းကြောင့် နိုင်ငံ၏ စီးပွားရေး တိုးတက်လာခြင်းပင်ဖြစ်၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ၃ ဒသမ ၄ ရာခိုင်နှုန်းသို့ တိုးတက်လာခဲ့ပြီး ဆက်လက်ပြီး တိုးတက်မှုများရှိမည်ဟု ဘဏ္ဍာရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ခန့်မှန်းထားကြ**

မိမိတို့အစိုးရသည် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသာမှုများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် ၂၀၂၁ ဖေဖော်ဝါရီမှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံရေးအရ အရေးပေါ်အခြေအနေ ကြေညာခဲ့ပြီး နိုင်ငံတော်၏ တာဝန်များကို စတင်ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် တိုင်းပြည်ကောင်းရန်အတွက် ရိုးသားစွာဖြင့် တာဝန်ထမ်းဆောင်နေခြင်းဖြစ်ကြောင်း၊ မိမိတို့ ဆောင်ရွက်ခဲ့မှုများသည် သမိုင်းမှတ်တမ်းများတွင် ကျန်ရှိနေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့တာဝန်များကို ထမ်းဆောင်ချိန်တွင် ရိုးသားစွာဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရန်လိုကြောင်း။

**စားသောက်ကုန်များ ပြတ်လပ်မှုမရှိခဲ့**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကာင်စီ စတင်တာဝန်ထမ်းဆောင်ချိန်တွင် နိုင်ငံရေးသဘောထားကွဲလွဲမှုများကြောင့် ဆန္ဒထုတ်ဖော်မှုများ ဆောင်ရွက်ခဲ့သော်ကြောင်း၊ အဆိုပါအချိန်တွင် ကိုဗစ် – ၁၉ ကပ်ရောဂါဖြစ်ပွားမှုများလည်း ပြင်းထန်လျက်ရှိသည့်အချိန်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ကိုဗစ် – ၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အခက်အခဲများကြားမှ ဆောင်ရွက်ခဲ့ရာ ကူးစက်မှုများနှင့် သေဆုံးမှုများကျဆင်းသွားခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ကိုဗစ် – ၁၉ ရောဂါ ဖြစ်ပွားမှုကို ကျော်လွှားနိုင်ခဲ့ကြောင်း၊ အကြမ်းဖက်တိုက်ခိုက်မှုများသည်လည်း ၂၀၂၂ ခုနှစ် ဧပြီလနောက်ပိုင်းတွင် လျော့နည်းသွားခဲ့ကြောင်း၊ နိုင်ငံအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်သည့်နိုင်ငံဖြစ်ပြီး စားသောက်ကုန်များ စဉ်ဆက်မပြတ် ထုတ်လုပ်မှုရှိနေသောကြောင့် စားသောက်ကုန်များ ပြတ်လပ်မှုမရှိခဲ့ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် နိုင်ငံရေးအရ နိုင်ငံတော်ကို အရေးပေါ်ကြေညာပြီး တာဝန်ယူဆောင်ရွက်ချိန်တွင် နိုင်ငံရေးအရလည်း နောက်ပိုင်းတွင် ဆူပူဆန္ဒပြမှုနှင့် အကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်ခြင်းများ ဖြစ်ပေါ်လာခြင်းကြောင့် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ထိန်းသိမ်းဆောင်ရွက်ခဲ့ရကြောင်း၊ အဆိုပါအချိန်တွင် အချို့သော EAO အဖွဲ့အစည်းများအနေဖြင့်လည်း ၎င်းအခြေအနေကို အခွင့်ကောင်းယူ၍ အကြမ်းဖက်သမားများကို မီးလောင်ရာလေပင့် မြောက်ပင့်သွေးထိုးဆောင်ရွက်ခဲ့မှုများကြောင့် မိုင်းထောင်ဖောက်ခွဲခြင်း၊ အကြမ်းဖက်လုယက်သတ်ဖြတ်ခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို တိုက်ခိုက်ခြင်း၊ ရုံးဌာနအဆောက်အဦများကို မီးရှို့ဖျက်ဆီးခြင်း၊ အပြစ်မဲ့ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများကို အကြမ်းဖက်သတ်ဖြတ်ခြင်းများ ဖြစ်ပေါ်လာခဲ့သဘောထားမတိုက်ဆိုင်သည့် အချို့သော ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းတချို့က အစိုးရ၏အုပ်ချုပ်မှုယန္တရားနှင့် ဘဏ်လုပ်ငန်းစနစ်များ ပြိုလဲစေရန်အတွက် ရည်ရွယ်ချက်ရှိရှိဖြင့် ထိုးနှက်တိုက်ခိုက်မှုများကို ပြုလုပ်ခဲ့ကြကြောင်း၊ မိမိတို့အနေဖြင့် ဘဏ်စနစ်များ ထိခိုက်ပြိုလဲမှုများ မဖြစ်ပေါ်စေရေး အခက်အခဲများကြားမှ ထိန်းသိမ်းဆောင်ရွက်ခဲ့ရာ ၂၀၂၂ ခုနှစ် နှစ်လယ်ပိုင်းတွင် လည်ပတ်သုံးစွဲငွေများ ပုံမှန်အတိုင်း ပြန်လည်ဖြစ်ပေါ်ခဲ့ကြောင်း။

**နိုင်ငံ၏ဂျီဒီပီ တိုးတက်လာခဲ့**

၂၀၂၀ ပြည့်နှစ် ကိုဗစ် – ၁၉ ရောဂါ စတင်ဖြစ်ပွားချိန်မှစ၍ နိုင်ငံ့စီးပွားရေးသည် တဖြည်းဖြည်းကျဆင်းလာခဲ့ကြောင်း၊ ယခင်အစိုးရလက်ထက်တွင် ပြည်တွင်းစီးပွားရေးအားပေးမှုနှင့် စီမံခန့်ခွဲရေးပိုင်းတို့တွင် အားနည်းခဲ့ခြင်းကြောင့် ၂၀၂၀– ၂၀၂၁ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် နိုင်ငံ၏ဂျီဒီပီသည် အနုတ် ၅ ဒသမ ၉ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း၊ ထိုသို့ ဖြစ်ပေါ်နေသည့် အခက်အခဲများကြားမှ မိမိတို့အစိုးရ တာဝန်ယူဆောင်ရွက်ချိန်တွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်ခဲ့ခြင်းကြောင့် ၂၀၂၁–၂၀၂၂ ဘဏ္ဍာရေးနှစ် အောက်တိုဘာမှ မတ်လအထိ ပထမခြောက်လပတ်ကာလတွင် နိုင်ငံ၏ ဂျီဒီပီမှာ ၂ ဒသမ ၄ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ကြောင်း၊ အနုတ် ၅ ဒသမ ၉ ရာခိုင်နှုန်းမှ အပေါင်း ၂ ဒသမ ၄ ရာခိုင်နှုန်းအထိ တိုးတက်လာခြင်းကြောင့် နိုင်ငံ၏ စီးပွားရေးတိုးတက်လာခြင်းပင်ဖြစ်ကြောင်း၊ ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ်တွင် ၃ ဒသမ ၄ ရာခိုင်နှုန်းသို့ တိုးတက်လာခဲ့ပြီး ဆက်လက်ပြီး တိုးတက်မှုများ ရှိမည်ဟု ဘဏ္ဍာရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ခန့်မှန်းထားကြကြောင်း။

**မြေသယံဇာတများကို အကျိုးရှိရှိ အသုံးချနိုင်ရေး စနစ်တကျ စီမံဆောင်ရွက်**

ထိုသို့ နိုင်ငံ၏ ဂျီဒီပီများတိုးတက်လာခြင်းသည် မိမိတို့အစိုးရအနေဖြင့် တိုင်းပြည်အတွက် စေတနာထား၍ ဆောင်ရွက်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်သည့် အခြေအနေကောင်းများကို ပိုင်ဆိုင်ထားရှိပြီးဖြစ်သဖြင့် မြေသယံဇာတများကို အကျိုးရှိရှိ အသုံးချနိုင်ရေး စနစ်တကျ စီမံဆောင်ရွက်ပေးရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အများစုမှာ စပါးကိုစိုက်ပျိုးကြပြီး မိုးစပါးစိုက်ဧကမှာ ၁၅ သန်းခန့်ရှိပြီး နွေစပါးစိုက်ဧကမှာ သုံးသန်းခန့်ရှိကြောင်း၊ မိုးစပါးစိုက်ဧက ၁၅ သန်းတွင် လယ် ၁၃ ဒသမ ၂ သန်းကျော်ရှိကြောင်း၊ ကျန်စိုက်ပျိုးမှုများမှာ ယာ၊ တောင်ယာ၊ အခြားမြေများဖြစ်ကြောင်း၊ ယင်း ၁၃ ဒသမ ၂ သန်းအနက် တစ်သီးသာ စိုက်သည့်မြေဧက ငါးသန်းခန့်ရှိနေကြောင်း၊ ယင်းမြေများကို သီးထပ်စိုက်ပျိုးနိုင်ရန် ကြိုးစားရမည်ဖြစ်ကြောင်း၊ အလားတူ ပဲ၊ ဆီထွက်သီးနှံနှင့် အခြားသီးနှံများကိုလည်း စိုက်ပျိုးကြရန်လိုကြောင်း၊ စပါး၊ ပဲ၊ ဆီထွက်သီးနှံများနှင့် အခြားသီးနှံများကို ပန်းတိုင်အထွက်နှုန်း ပြည့်မီစွာထွက်ရှိစေရေး ကြိုးပမ်းဆောင်ရွက်၍ မြေကို အကျိုးရှိရှိအသုံးချကြရန်လိုကြောင်း။

စားသုံးဆီနှင့် ပတ်သက်၍ မိမိတို့နိုင်ငံ၏ စားသုံးဆီလိုအပ်ချက်များကို ပြည်ပမှ နှစ်စဉ်တင်သွင်းနေရခြင်းကြောင့် နိုင်ငံခြားငွေသုံးစွဲကုန်ကျမှု များပြားလျက်ရှိကြောင်း၊ ထို့ကြောင့် ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေရေး မိမိအနေဖြင့် စဉ်ဆက်မပြတ် တိုက်တွန်းအားပေးဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းတွင် မျိုး၊ မြေ၊ ရေ၊ နည်း လေးမျိုးပြည့်စုံမည်ဆိုပါက စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမြေများတွင် ပန်းတိုင်ရည်မှန်းချက် ပြည့်မီရန်နှင့် ကျော်လွန်အောင် စိုက်ပျိုးနိုင်ရေး ဦးစားပေးဆောင်ရွက်ရန် လိုကြောင်း၊ ဒုတိယအချက်နေဖြင့် မူလစိုက်ပျိုးမြေဖြစ်သော်လည်း စိုက်ပျိုးမှုမရှိသည့် မြေများကို ပြန်လည်စိုက်ပျိုး၍ စိုက်ဧကတိုးချဲ့နိုင်ပါက မိမိတို့နိုင်ငံ၏ စိုက်ပျိုးရေးကုန်ထုတ်လုပ်မှုသည် များစွာတိုးတက်ပြောင်းလဲသွားမည် ဖြစ်ကြောင်း။

**ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှုများ အလေးအနက်ထား ဆောင်ရွက်**

နေကြာစိုက်ပျိုးမှုနှင့် ပတ်သက်၍ နေကြာဆီသည် မိမိတို့နိုင်ငံ၏ အဓိကစားသုံးဆီတွင် ပါဝင်ခြင်းမရှိကြောင်း၊ မူလက ပဲဆီနှင့် နှမ်းဆီကိုသာ အဓိကစားသုံးကြပြီး နောက်ပိုင်းတွင် စျေးနှုန်းသက်သာသည့် စားအုန်းဆီများကို စားသုံးလာကြကြောင်း၊ နေကြာဆီသုံးစွဲမှုမှာ နည်းပါးကြောင်း၊ မိမိတို့နိုင်ငံရှိ စပ်မျိုးနေကြာမှာ တစ်ဧကလျှင် အထွက်နှုန်းတင်း ၅၀ ကျော်၊ ဆီပိသာ ၁၄၀ ခန့်အထိ ထွက်ရှိသည်ကို တွေ့ရှိရကြောင်း၊ အဆိုပါ နေကြာများကို တိုးချဲ့စိုက်ပျိုးမည်ဆိုပါက နိုင်ငံ၏ စားသုံးဆီလိုအပ်ချက်ကို ပြည့်မီအောင် ဆောင်ရွက်နိုင်ကြောင်း၊ အလားတူ ပဲ၊ နှမ်းနှင့် အခြားဆီထွက်သီးနှံများကိုလည်း တိုးချဲ့စိုက်ပျိုးမည်ဆိုပါက စားသုံးဆီလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်မည်ဖြစ်ကြောင်း၊ ပြည်တွင်းစားသုံးဆီများ ဖူလုံမှုရှိပါက နိုင်ငံခြားငွေသုံးစွဲမှုများ နည်းပါးသွားမည်ဖြစ်သဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်စေရေး အလေးအနက်ထား ဆောင်ရွက်ကြစေလိုကြောင်း။

စပါးစိုက်ပျိုးမှုနှင့်ပတ်သက်၍ လက်ရှိထွက်ရှိနေသည့် အထွက်နှုန်းထက် ပိုမိုတိုးတက်ပြီး ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရန်အတွက် မျိုး၊ မြေ၊ ရေ၊

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

နည်း လေးမျိုးဖြင့် စနစ်တကျ စိုက်ပျိုးဆောင်ရွက်မည်ဆိုပါက တစ်ဧကချင်းအထွက်နှုန်းများ တိုးတက်လာမည်ဖြစ်ကြောင်း၊ စပါးတစ်ဧကလျှင် ပျမ်းမျှ ငါးတင်းခန့် ပိုမိုထွက်ရှိလာမည်ဆိုပါက စိုက်ပျိုးဧက ၁၃ ဒသမ ၂ သန်းတွင် စပါးတင်း ၆၆ သန်း ပိုမိုထွက်ရှိမည်ဖြစ်သဖြင့် တစ်တင်းလျှင် တစ်သောင်းနှုန်းဖြင့် တွက်ချက်မည်ဆိုပါက ငွေကျပ် ၆၆၀ ဘီလီယံ၊ တစ်သောင်းခွဲနှုန်းဖြင့် တွက်ချက်မည်ဆိုပါက ၉၉၀ ဘီလီယံရရှိမည်ဖြစ်ကြောင်း၊ ထိုသို့ စပါးတစ်ဧကလျှင် ငါးတင်းပိုမိုထွက်ရှိအောင် စိုက်ပျိုးနိုင်မည်ဆိုပါက စပါးစိုက်တောင်သူများ ဝင်ငွေပိုမိုတိုးတက်ရရှိလာမည်ဖြစ်ပြီး ဝယ်လိုအားတက်လာမည်ဖြစ်သဖြင့် နိုင်ငံအတွင်း လည်ပတ်သုံးစွဲငွေများ တိုးတက်လာပြီး တိုင်းပြည်၏ စီးပွားရေးအားသည် ယခင်ကထက် ပိုမိုအားကောင်းလာမည်ဖြစ်ကြောင်း၊ တိုင်းပြည်၏ GDP သည်လည်း တက်လာမည်ဖြစ်ကြောင်း၊ ပြည်တွင်းလိုအပ်ချက်ဖူလုံပြီး ပြည်ပသို့ တင်ပို့ရောင်းချနိုင်မည်ဆိုပါက နိုင်ငံခြားဝင်ငွေများလည်း ရရှိလာမည်ဖြစ်ပြီး ပြည်ပမှ နိုင်ငံခြားငွေကြေးသုံးစွဲ၍ တင်သွင်းနေရသည့် မဖြစ်မနေလိုအပ်သည့် ပစ္စည်းများကို ပိုမိုတင်သွင်းလာနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ရေရှည်ကိုကြည့်၍ သုံးသပ်ဆောင်ရွက်ကြရန် တာဝန်ရှိသူများကို မှာကြားလိုကြောင်း။

### ဝါစိုက်ဧကများ ပြန်လည်စိုက်ပျိုးရန်လို

ဝါစိုက်ပျိုးမှုနှင့်ပတ်သက်၍ တိုင်းပြည်၏ အဓိက စိုက်ပျိုးသည့် သီးနှံများအနက် ဝါသည် တစ်ခုအပါအဝင် ဖြစ်ပြီး ၄ ဒသမ ၅ သိန်း ဧကစိုက်ပျိုးကြောင်း၊ ၂၀၁၁ ခုနှစ်တွင် ဧက ရှစ်သိန်းအထိ စိုက်ပျိုးခဲ့ပြီး နောက်ပိုင်းတွင် အကြောင်းအမျိုးမျိုးကြောင့် စိုက်ပျိုးမှု ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ ယခင်နှစ် ဝါထွက်ရှိမှုအနေဖြင့် တစ်ဧကလျှင် ၄၃၈ ဒသမ ၅ ပိဿာနှုန်းဖြင့် စုစုပေါင်း ဝါပိဿာချိန် ၁၉၈ ဒသမ ၇ သန်း ရရှိခဲ့ပြီး ယခုလက်ရှိတွင် နိုင်ငံ၏ ဝါလိုအပ်ချက်သည် ပိဿာပေါင်း ၃၆၃ သန်းလိုအပ်ချက်ရှိကြောင်း၊ ထို့ကြောင့် ပိဿာချိန် ထက်ဝက်နီးပါးခန့် လိုအပ်ချက်ရှိနေသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့အနေဖြင့် တစ်ဧကအထွက်နှုန်းကို ပိဿာ ၇၀၀ နှုန်းအထိ ထွက်ရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်နိုင်မည်ဆိုပါက ပြည်ပမှ တင်သွင်းနေရမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဝါစိုက်ပျိုးသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် ယခင်ဝါစိုက်ဧကများအတိုင်း ပြန်လည်စိုက်ပျိုးနိုင်စေရေး လိုအပ်သည်များ ဆောင်ရွက်ပေးနိုင်ရန် လိုကြောင်း၊ ဝါစိုက်တောင်သူများနှင့် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်၍ လိုအပ်သည်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ချည်မျှင်ရှည်ဝါကို အဓိကထား၍ စိုက်ပျိုးကြသည်ကို တွေ့ရှိရပြီး အရည်အသွေး ပြည့်မီသည့် ချည်မျှင်ထွက်ရှိနိုင်အောင်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မကွေးတိုင်းဒေသကြီးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကို တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ ပေးအပ်စဉ်။

ဆောင်ရွက်ကြရန်လိုကြောင်း၊ အရည်အသွေးပြည့်မီမှု မရှိသဖြင့် အဝတ်အထည်များ ရက်လုပ်ရန်အတွက် လိုအပ်သည့် ချည်များကို ပြည်ပမှ တင်သွင်းနေရသောကြောင့် ဝါစိုက်ပျိုးမှုတိုးတက်စေရေး ပြုပြင်ပြောင်းလဲမှုများ မဖြစ်မနေဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း၊ ဝါစိုက်ပျိုးသည့် ဒေသများအနေဖြင့် ဝါစိုက်ဧကများ တိုးချဲ့နိုင်ရေးနှင့် မှန်မှန်ကန်ကန် စိုက်ပျိုးမှုရှိစေရေး၊ ဝါ အထွက်နှုန်း ကောင်းမွန်ပြည့်မီစေရေး၊ မျိုးကောင်းမျိုးသန့်များ ရရှိစေရေးတို့အတွက် စီမံပေးရန် လိုကြောင်း၊ စိုက်ပျိုးသည့် တောင်သူများ၊ အသုံးပြုသည့် လုပ်ငန်းရှင်များနှင့် အစိုးရတို့ သုံးဦးသုံးဖလှယ် ပူးပေါင်း၍ လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ ရရှိအောင်၊ ဝါအရည်အသွေး ကောင်းမွန်အောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြည်တွင်းဝါလိုအပ်ချက် ပြည့်မီစေရေးအတွက် ပြည်ပနိုင်ငံများမှ နည်းစနစ်နှင့် မျိုးကောင်းမျိုးသန့်များရရှိစေရေး အစိုးရမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ဝါစိုက်တောင်သူများနှင့် သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးတို့မှ တာဝန်ရှိသူများကလည်း စိတ်ပါဝင်စားစွာဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

### ဂျုံများ အရည်အသွေးပြည့်မီမှုရှိရန်လို

အလားတူ ဂျုံနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ဂျုံစိုက်ဧက ၁၃၂၅၀၀ ရှိကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးသည် အများဆုံးစိုက်ပျိုးသည့် တိုင်းဒေသကြီး ဖြစ်ပြီး ဒုတိယအများဆုံးမှာ ရှမ်းပြည်နယ်ဖြစ်ကြောင်း၊ ဂျုံနှင့်ပတ်သက်၍ အထွက်နှုန်းတိုးအောင် ဆောင်ရွက်ကြရန်နှင့် အရည်အသွေးပြည့်မီသည့် ဂျုံများရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ဂျုံနှင့်ပတ်သက်သည့် စားသောက်ကုန်ပစ္စည်းထုတ်လုပ်မှု လုပ်ငန်းအများစု၌ ပြည်ပမှ တင်သွင်းသည့် ဂျုံများကိုသာ အများဆုံးအသုံးပြုကြသည်ကိုတွေ့ရှိရပြီး ပြည်တွင်းမှ ထွက်ရှိသည့် ဂျုံများသည် အရည်အသွေးပိုင်းတွင် ပြည့်မီမှုရှိရန် လိုအပ်သည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ဂျုံစိုက်ပျိုး ထုတ်လုပ်မှုများကိုလည်း ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံသားများသည် ဆန်ကိုအဓိကထား စားသုံးကြကြောင်း၊ စားသောက်မှုပုံစံကိုပြောင်းလဲ၍ ဂျုံကို နေ့စဉ်တစ်နပ်နှုန်းဖြင့် ထည့်သွင်းစားသုံးမည်ဆိုပါက မိမိတို့နိုင်ငံသားများ၏ ကိုယ်ခန္ဓာကြီးထွားဖွံ့ဖြိုးမှုကို အထောက်အကူပြုစေနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် ပတ်သက်၍ သက်ဆိုင်ရာဒေသများအနေဖြင့် စဉ်းစားသုံးသပ်ဆောင်ရွက်ကြစေလိုကြောင်း၊ ဒေသအလိုက် မိမိတို့ရရှိထားသည့် မြေသယံဇာတများကို အကျိုးရှိစွာ အသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ မြေကို ကောင်းမွန်မှုရှိအောင် ပြုပြင်ခြင်း၊ ရေရရှိအောင် ဆောင်ရွက်ခြင်းတို့ဖြင့် ဒေသအလိုက် စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်ထွက်ရှိနိုင်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့ဒေသမှ စိုက်ပျိုးရေးထုတ်ကုန် လုံလောက်မှု မရှိပါက ပြင်ပမှဝယ်ယူသုံးစွဲရမည်ဖြစ်ပြီး ဒေသတွင်းလည်ပတ်သုံးစွဲငွေများ လျော့နည်းသွားမည်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ထိခိုက်စေနိုင်မည်ဖြစ်သဖြင့် စဉ်းစားဆောင်ရွက်ကြစေလိုကြောင်း။

မွေးမြူရေးနှင့် ပတ်သက်၍ မိမိတို့နိုင်ငံတွင် မွေးမြူရေးဆောင်ရွက်မှုများကို စားကျက်မြေများတွင် လွှတ်မွေးသည့်စနစ်ဖြင့် အများဆုံးမွေးမြူကြကြောင်း၊ မွေးမြူရေးစနစ်တွင် လှောင်၍မွေးမြူပြီး အစာကောင်းမွန်စွာ ကျွေးမွေးသည့်စနစ်သည် အကောင်းဆုံးဖြစ်ကြောင်း၊ ထို့ကြောင့် မွေးမြူရေးစနစ်ကိုလည်း ပြုပြင်ပြောင်းလဲ၍ နည်းစနစ်ကျသည့် ခေတ်မီမွေးမြူရေးစနစ်ကို ဆောင်ရွက်ကြစေလိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ပါက မွေးမြူရေးလုပ်ငန်းများမှ စွန့်ပစ်ပစ္စည်းများကိုလည်း စိုက်ပျိုးရေးလုပ်ငန်းများတွင် အကျိုးရှိစွာ အသုံးချနိုင်မည်ဖြစ်ပြီး အောင်မြင်မှုရရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတော်၏ စိုက်ပျိုးမွေးမြူရေးကဏ္ဍကို စနစ်တကျဖြင့် အောင်မြင်အောင် စီမံဆောင်ရွက်နိုင်မည်ဆိုပါက အမျိုးသားရေးမျှော်မှန်းချက် နှစ်ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံသူနိုင်ငံသားများ ဝင်ငွေရှိမှသာလျှင် တိုင်းပြည်သာယာဝပြောမည်ဖြစ်ပြီး ထိုသို့ ဆောင်ရွက်နိုင်ရေးအတွက် တိုင်းပြည်အတွင်း စားရေရိက္ခာထုတ်လုပ်မှုကောင်းမွန်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို ဖော်ဆောင်နေခြင်းဖြစ်ပြီး မိမိတို့နိုင်ငံ၏ ရှိရင်းစွဲအရင်းအမြစ်များကို အကျိုးရှိရှိအသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုရှိမှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုကို မဖြစ်မနေ အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ယခင်နှစ်မှစ၍ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများကို အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ပြည်တွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ကုန်ကြမ်းများကို အခြေခံသည့် စက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းသည် ခိုင်မာသည့် စီးပွားရေးလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း၊ မဖြစ်မနေလိုအပ်ချက်များဖြစ်သည့် လျှပ်စစ်စွမ်းအားလိုအပ်ချက်ပြည့်မီစေရေးအတွက်လည်း စီမံဆောင်ရွက်လျက်ရှိကြောင်း။

### လောင်စာဆီသုံးစွဲမှုများ ထိန်းသိမ်းဆောင်ရွက်

ရေနံနှင့် ပတ်သက်၍ သယံဇာတများစွာရှိပြီးဖြစ်သဖြင့် စည်းကမ်းစနစ်တကျမရှိဘဲ တူးဖော်ထုတ်လုပ်နေမှုများကို ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လောင်စာဆီနှင့်ပတ်သက်၍ ရေနံနှင့် ရေနံထွက်ပစ္စည်းများကို နှစ်စဉ် အမေရိကန်ဒေါ်လာသန်း ၆၀၀၀ ကျော်ဖိုးခန့် ဝယ်ယူတင်သွင်းရလျက်ရှိသဖြင့် လောင်စာဆီသုံးစွဲမှုများကိုလည်း ထိန်းသိမ်းဆောင်ရွက်ကြစေလိုကြောင်း၊ သံမဏိလုပ်ငန်းနှင့် ပတ်သက်၍ မိမိတို့နိုင်ငံတွင် သံရိုင်းများထွက်ရှိပြီး သံမဏိစက်ရုံအကြီး နှစ်ရုံသာရှိကြောင်း၊ နှစ်စဉ် သံမဏိတန်ချိန် သုံးသန်းခန့် လိုအပ်ချက်ရှိနေပြီး ဆောက်လုပ်ရေးလုပ်ငန်းများတွင် အဓိကလိုအပ်ချက်ရှိကြောင်း၊ ထို့ကြောင့် သံမဏိထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များကို ဖိတ်ခေါ်ဆောင်ရွက်နိုင်သဖြင့် အလေးထားအားပေးဆောင်ရွက်ကြစေလိုကြောင်း၊ သံရိုင်းထုတ်လုပ်သည့်အဆင့်မှ သံမဏိထုတ်လုပ်သည့်အဆင့်ထိ ဆောင်ရွက်နိုင်ရေး အားပေးဆောင်ရွက်ကြစေလိုကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် သံမဏိအပြင် ဘိလပ်မြေထုတ်လုပ်သည့်လုပ်ငန်းများ၊ ဆက်စပ်လုပ်ငန်းဖြစ်သည့် ကျောက်မီးသွေးထုတ်လုပ်မှုလုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်ကြစေလိုကြောင်း။

### သစ်ပင်စိုက်ပျိုးခြင်းများ စနစ်တကျ ဆောင်ရွက်

ထို့ပြင် ရွှေတူးဖော်ခြင်း၊ သစ်ထုတ်လုပ်ခြင်း အစရှိသည့် နိုင်ငံတော်၏ မြေပေါ် မြေအောက် သယံဇာတများကို ထုတ်ယူသုံးစွဲရာတွင် သတ်မှတ်စည်းမျဉ်း စည်းကမ်း နည်းဥပဒေများနှင့်အညီသာ ထုတ်ယူသုံးစွဲစေရေး၊ တရားမဝင်ထုတ်ယူသုံးစွဲမှုများမရှိစေရေး ထိထိရောက်ရောက် ထိန်းသိမ်းကြပ်မတ်ကြစေလိုကြောင်း၊ ထုတ်ယူသုံးစွဲရာတွင်လည်း မလိုလားအပ်ဘဲ လေလွင့်ဆုံးရှုံးမှုမရှိစေရေး စနစ်တကျ ဆောင်ရွက်စေလိုပြီး အကျိုးရှိရှိ အသုံးချစေလိုကြောင်း၊ သစ်ပင်သစ်တောများ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက်လည်း သစ်ပင်စိုက်ပျိုးခြင်းများနှင့် စနစ်တကျ ထိန်းသိမ်းခြင်းများကိုလည်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်၍ စီးပွားရေးဦးတည်ချက်

*စာမျက်နှာ ၅ သို့*

**"ရွှေတူးဖော်ခြင်း၊ သစ်ထုတ်လုပ်ခြင်း အစရှိသည့် နိုင်ငံတော်၏ မြေပေါ် မြေအောက် သယံဇာတများကို ထုတ်ယူသုံးစွဲရာတွင် သတ်မှတ်စည်းမျဉ်း စည်းကမ်း နည်းဥပဒေများနှင့်အညီသာ ထုတ်ယူသုံးစွဲစေရေး၊ တရားမဝင် ထုတ်ယူသုံးစွဲမှုများမရှိစေရေး ထိထိရောက်ရောက် ထိန်းသိမ်းကြပ်မတ်ကြစေလို၊ ထုတ်ယူသုံးစွဲရာတွင်လည်း မလိုလားအပ်ဘဲ လေလွင့်ဆုံးရှုံးမှု မရှိစေရေး စနစ်တကျ ဆောင်ရွက်စေလိုပြီး အကျိုးရှိရှိ အသုံးချစေလို၊ သစ်ပင် သစ်တောများ ရေရှည်တည်တံ့ ခိုင်မြဲစေရေးအတွက်လည်း သစ်ပင်စိုက်ပျိုးခြင်းများနှင့် စနစ်တကျ ထိန်းသိမ်းခြင်းများကိုလည်း ဆောင်ရွက်ကြရမည်"**

*စာမျက်နှာ ၄ မှ*

အောင်မြင်အောင် ဆောင်ရွက်ခြင်းဖြင့် အခြားဦးတည်ချက်များကိုပါ အထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံအနေဖြင့် နိုင်ငံရေးမောင်းနှင်အား၊ စီးပွားရေးမောင်းနှင်အားနှင့် ကာကွယ်ရေးမောင်းနှင်အားတို့ဖြင့် လည်ပတ်ဆောင်ရွက်ရပြီး ၎င်းမောင်းနှင်အားများအနက် စီးပွားရေးမောင်းနှင်အားသည် အဓိကအကျဆုံးဖြစ်ကြောင်း၊ စီးပွားရေးမောင်းနှင်အား ကောင်းမွန်မှသာ နိုင်ငံရေးနှင့် ကာကွယ်ရေးမောင်းနှင်အားတို့ကို တည်ဆောက်နိုင်မည်ဖြစ်ပြီး အမျိုးသားရေးမျှော်မှန်းချက်နှစ်ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကိုလည်း ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသဥက္ကဋ္ဌများက စိုက်ပျိုးမွေးမြူရေး၊ ဒေသဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်မှုများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှု၊ သောက်သုံးရေနှင့် စိုက်ပျိုးရေများ လုံလောက်စွာရရှိရေး ဆောင်ရွက်နေမှု၊ အခွန်အကောက်ငွေများ ကောက်ခံရရှိမှု၊ သစ်တောများ ရေရှည်တည်တံ့စေရေး ထိန်းသိမ်းဆောင်ရွက်လျက်ရှိမှု၊ လျှပ်စစ်စွမ်းအင်သုံး မော်တော်ယာဉ်များ စတင်အသုံးပြုလျက်ရှိမှု၊ အားသွင်းစတေရှင်များ တည်ဆောက်ပြီးစီးမှုနှင့် တိုးချဲ့တည်ဆောက်နေမှု၊ ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များ ဝင်ရောက်မှု၊ အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းများအတွက် ချေးငွေများထုတ်ချေးပေးနေမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ ဒေသတစ်ခု ထွက်ကုန်တစ်ခု(One Region One Product) ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ စားနပ်ရိက္ခာဖူလုံမှုရှိစေရေး စိုက်ပျိုးထုတ်လုပ်နေမှုအခြေအနေ၊ ဒေသအလိုက် ရင်းနှီးမြှုပ်နှံမှုနှင့် အလုပ်အကိုင်ရရှိမှု၊ ကိုဗစ်– ၁၉ ကာကွယ်ဆေးထိုးနှံပြီးစီးမှု၊ တက္ကသိုလ်ကောလိပ်များ ဖွင့်လှစ်သင်ကြားပေးနေမှုနှင့် ပြည်ထောင်စုအစိုးရမှ ဆောင်ရွက်ပေးရန် လိုအပ်သည့်ကဏ္ဍများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ပြန်လည်ရှင်းလင်းပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းများအနေဖြင့် နိုင်ငံတော်မှ ထုတ်ပေးထားသည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများကို အကျိုးရှိရှိ အသုံးပြုကြရန်လိုကြောင်း၊ အဆိုပါ ငွေများကို အမှန်တကယ် ရင်းနှီးမြှုပ်နှံသူများလက်သို့ ရောက်ရှိစေရေး စနစ်တကျဆောင်ရွက်ရန်နှင့် ထုတ်ပေးထားသည့်ငွေများ မပျောက်ပျက်စေရေးနှင့် သတ်မှတ်ကာလအတွင်း မှန်မှန်ကန်ကန် ပြန်လည်ပေးဆပ်စေရေး ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

**လိုအပ်သည်များ ဖြည့်စွက်မှာကြား**

ရှင်းလင်းတင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် မိမိတို့နိုင်ငံရှိ တိုင်းရင်းသားဒေသများအလိုက် မိမိတို့ရိုးရာယဉ်ကျေးမှုများ၊ ဂီတနှင့် ဝတ်စားဆင်ယင်မှုများကို ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ တိုင်းရင်းသားဘာသာစကားနှင့် ပတ်သက်၍လည်း ဥပဒေအရခွင့်ပြုပေးထားကြောင်း၊ မြန်မာစကားကို နားမလည်ခြင်းကြောင့် စာပေသင်ကြားမှုတွင် အခက်အခဲဖြစ်သည်ကို တွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံရှိ ရုံးသုံးဘာသာစကားဖြစ်သည့် မြန်မာစာပေနှင့် မြန်မာစကားကို မဖြစ်မနေသင်ကြားတတ်မြောက်ထားမှသာ ပညာသင်ကြားမှုနှင့် အလုပ်အကိုင်များ ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားဒေသများရှိ ကျောင်းသား ကျောင်းသူကလေးငယ်များ မြန်မာစာပေကိုသင်ကြားမှု အဆင်ပြေစေရေးအတွက် မြန်မာဘာသာရပ်ကို သင်ကြားပေးသည့် ဆရာဆရာမများအနေဖြင့် အမှန်တကယ် တတ်မြောက်အောင် သင်ကြားပေးရန်လိုကြောင်း။

**ပညာရည်မြင့်မားရေး ကြိုးပမ်းဆောင်ရွက်**

ပညာသင်ကြားရေးနှင့်ပတ်သက်၍ ၂၀၂၀–၂၀၂၁ ခုနှစ်ပညာသင်နှစ်မှစတင်၍ အခြေခံပညာကျောင်းများပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း၊ သို့သော် ကျောင်းအပ်နှံသူ ကျောင်းသားဦးရေမှာ ယခင် ကိုဗစ် – ၁၉ မဖြစ်ပွားမီအချိန်ကထက် လျော့နည်းနေသည်ကို တွေ့ရှိရသဖြင့် ပညာရည်မြင့်တင်မှုကို ထိခိုက်စေနိုင်ကြောင်း၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုသူများလည်း လျော့နည်းလာသည်ကို တွေ့ရှိရကြောင်း၊ အချို့သောနေရာဒေသများတွင် လုံခြုံမှုအရ ပညာသင်ကြားမှုကို ထိခိုက်သည်မှန်သော်လည်း အချို့သော ဒေသများတွင် တည်ငြိမ်အေးချမ်းသော်လည်း ကျောင်းတက်ရောက်မှုရာခိုင်နှုန်းများ ကျဆင်းလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ တစ်နိုင်ငံလုံးရှိ ကျောင်းသား ကျောင်းသူများ ပညာရည်မြင့်မားရေးအတွက် တာဝန်ရှိသူများအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ယခုအခါ နွေရာသီကျောင်းပိတ်ရက်သို့ ရောက်ရှိနေပြီဖြစ်ပြီး နွေရာသီကျောင်းပိတ်ရက်အတွင်း ကျောင်းသား ကျောင်းသူများ ကျောင်းပိတ်ရက်ကို အကျိုးရှိစွာအသုံးချနိုင်ရန်အတွက် ယဉ်ကျေးလိမ္မာသင်တန်းများ၊ အင်္ဂလိပ်စာ၊ ကွန်ပျူတာနှင့် အခြားကလေးငယ်များအတွက် အကျိုးဖြစ်ထွန်းစေမည့် နွေရာသီသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်းနှင့် ယခင်ပညာသင်နှစ်က သင်ကြားခဲ့ရသည့် သင်ခန်းစာများကို ပြန်လည်လေ့လာဖတ်မှတ်မှုများကို ဆောင်ရွက်ပေးကြစေလိုကြောင်း၊ မိမိတို့ပတ်ဝန်းကျင်ရှိ ကလေးငယ်များ အနာဂတ်လှပစေရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း။

မကြာမီကာလတွင် မြန်မာ့ရိုးရာသင်္ကြန်ကာလသို့ ရောက်ရှိတော့မည်ဖြစ်ကြောင်း၊ သင်္ကြန်ကာလတွင် ပျော်ပွဲရွှင်ပွဲများကို စည်းကမ်းတကျ မြန်မာ့ရိုးရာယဉ်ကျေးမှုကို မထိခိုက်စေဘဲ ကျင်းပဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၏ ရိုးရာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာဖြင့် အန္တရာယ်ကင်းစွာ ကျင်းပနိုင်ရေး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် အလေးထားဆောင်ရွက်ကြစေလိုကြောင်း။

**လိုင်စင်မဲ့မော်တော်ယာဉ်များ ပပျောက်စေရေး စီမံချက်ချဆောင်ရွက်**

မော်တော်ယာဉ် စည်းကမ်းထိန်းသိမ်းမှုနှင့် ပတ်သက်၍ လိုင်စင်မဲ့မော်တော်ယာဉ်များ ပပျောက်စေရေး နိုင်ငံတော်အနေဖြင့် စီမံချက်ချ၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ဖမ်းဆီးရမိသည့် မော်တော်ယာဉ်များကိုလည်း ဖျက်ဆီးဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ တရားမဝင်တင်သွင်းမှု၊ ရောင်းချမှုနှင့် စီးနင်းမှုများ မဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ လိုင်စင်မဲ့ မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များ တင်သွင်းခြင်း၊ ရောင်းချခြင်းနှင့် စီးနင်းခြင်းများကြောင့် နိုင်ငံတော်၏ အခွန်ငွေများကို ထိခိုက်စေသကဲ့သို့ အကြမ်းဖက်လုပ်ရပ်များ လုပ်ကိုင်ရာတွင် အဆိုပါလိုင်စင်မဲ့ယာဉ်များကို အသုံးပြုခြင်းကြောင့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းမှု လုပ်ငန်းစဉ်များကို ထိခိုက်စေလျက်ရှိကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စနစ်တကျကြပ်မတ်ဆောင်ရွက် ကြရန်လိုကြောင်း၊ ယာဉ်နံပါတ်ပြားများကိုလည်း ပုံစံသစ်လဲလှယ် တပ်ဆင်အသုံးပြုရေး ကြပ်မတ်ရန်လိုကြောင်း။

အုပ်ချုပ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ခရိုင်များကို တိုးချဲ့ဖွဲ့စည်းခဲ့ကြောင်း၊ အဆိုပါတိုးချဲ့ခဲ့သည့် ခရိုင်များရှိ ဌာနဆိုင်ရာများ အလိုက် လုပ်ငန်းများအဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများအတွက် လုပ်သားရှားပါးမှုများဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့ကြောင့် လုပ်သားလိုအပ်မှု အနည်းဆုံးဖြင့် ဆောင်ရွက်နိုင်မည့် ခေတ်မီစက်ကိရိယာများကို အသုံးပြုဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ပြည်တွင်းဈေးကွက်လိုအပ်ချက်ရှိသည့်သီးနှံများကို စိုက်ပျိုးကြရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိသည့် သီးနှံထွက်ကုန်များကို ပြည်ပသို့ကုန်ကြမ်းတင်ပို့ခြင်းထက် တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်၍ တင်ပို့နိုင်မည်ဆိုပါက ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ပြောင်းသီးနှံမှ စားသောက်ကုန်များကိုသာမက တိရစ္ဆာန်အစာများကိုလည်း ထုတ်လုပ်နိုင်သဖြင့် ပြည်တွင်း၌ လိုအပ်ချက်ရှိသကဲ့သို့ ပြည်ပဈေးကွက်ရရှိသဖြင့် ပြောင်းစိုက်ပျိုးမှုကို အားပေးဆောင်ရွက်ကြရန်လိုကြောင်း။

> **“အချို့ဒေသများရှိ တောင်သူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် စိုက်ပျိုးရေလိုအပ်ချက်ရှိခြင်းကြောင့် အောင်မြင်အောင် စိုက်ပျိုးရန်အတွက် အခက်အခဲရှိ၊ အဆိုပါ စိုက်ပျိုးရေလိုအပ်မှုကို အထောက်အကူဖြစ်စေရန်အတွက် ထုတ်ပေးထားသည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကို အသုံးပြု၍ နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်လုပ်ငန်းများကို ဆောင်ရွက်မည်ဆိုပါက စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလာမည်ဖြစ်၍ ဒေသအတွက် အကျိုးဖြစ်ထွန်းစေမည်”**

မိမိတို့နိုင်ငံ၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို တိုးတက်အောင်ဆောင်ရွက်၍ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရန်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ရင်းနှီးမတည်ငွေများ ထုတ်ပေးလျက်ရှိကြောင်း၊ အဆိုပါ ထုတ်ပေးထားသည့် ရင်းနှီးမတည်ငွေများကို တိုင်းဒေသကြီး နှင့်ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် မိမိတို့ဒေသအလိုက် အကျိုးဖြစ်ထွန်းနိုင်မည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြစေလိုကြောင်း၊ အဆိုပါထုတ်ပေးထားသည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများသည် တစ်ဦးတစ်ယောက်တည်း၊ အဖွဲ့အစည်းတစ်ခုတည်း၏ အကျိုးအတွက် ထုတ်ပေးထားခြင်းမဟုတ်ဘဲ အများကောင်းစားရေး၊ တိုင်းပြည်ကောင်းစားရေးအတွက်ဖြစ်ကြောင်း။

အချို့ဒေသများရှိ တောင်သူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် စိုက်ပျိုးရေလိုအပ်ချက်ရှိခြင်းကြောင့် အောင်မြင်အောင် စိုက်ပျိုးရန်အတွက် အခက်အခဲရှိကြောင်း၊ အဆိုပါစိုက်ပျိုးရေလိုအပ်မှုကို အထောက်အကူဖြစ်စေရန်အတွက် ထုတ်ပေးထားသည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကို အသုံးပြု၍ နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်လုပ်ငန်းများကို ဆောင်ရွက်မည်ဆိုပါက စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလာမည်ဖြစ်၍ ဒေသအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

**လျှပ်စစ်ဓာတ်အားသုံးစွဲမှုများကို ချွေတာ**

မြို့ရွာများ သန့်ရှင်းသာယာလှပရေးနှင့် မြို့ကွက်များ စနစ်တကျရှိစေရေးအတွက် တာဝန်ရှိသူများအနေဖြင့် စနစ်တကျ ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်များ ရှိနေသေးကြောင်း၊ ထို့ကြောင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုများကို ချွေတာရန်လိုကြောင်း၊ အလားတူ စက်သုံးဆီသုံးစွဲမှုများကို လျှော့ချဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ စက်သုံးဆီသုံးစွဲမှုကို လျှော့ချနိုင်ရန်အတွက် လျှပ်စစ်ကားတင်သွင်းမှုနှင့် ပတ်သက်၍ အခွန်ငွေများကို လျှော့ချပြီး တင်သွင်းခွင့်ပေးထားကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ချမှတ်ပေးထားသည့် မူဝါဒများနှင့်အညီ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် မှန်မှန်ကန်ကန်ဖြင့် အောင်မြင်မှုရှိအောင် အကောင်အထည်ဖော်ဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသအလိုက် ကုန်ထုတ်လုပ်မှု တိုးတက်ရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့အတွက် တိုင်းဒေသကြီးတစ်ခုလျှင် ငွေကျပ် ၁၀ ဘီလီယံစီကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့အတွက် တိုင်းဒေသကြီးတစ်ခုလျှင် ငွေကျပ် ၈ ဘီလီယံစီကိုလည်းကောင်း ပေးအပ်ရာ ဝန်ကြီးချုပ်များက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

## မြောင်းမြမြို့၌ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနက ပိုးသတ်ဆေးဖျန်း ရက်သတ္တပတ်လှုပ်ရှားမှု ဆောင်ရွက်

မြောင်းမြ မတ် ၂၄

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ပိုးသတ်ဆေးဖျန်း ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် မြို့နယ်အတွင်းရှိ မွေးမြူရေးခြံများအား ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက စတင်ကွင်းဆင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြောင်းမြခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါက်တာဖြူဖြူဝင်း၏ ဦးဆောင်မှုဖြင့် ဝန်ထမ်းများအဖွဲ့၊ အခြေခံတိရစ္ဆာန်ကျန်းမာရေးလုပ်သားများနှင့် ပူးပေါင်းပြီး မြို့နယ်အတွင်းရှိ အသားစားကြက် မွေးမြူရေးခြံ၊ ဥစားကြက်မွေးမြူရေးခြံ၊ ဝက်မွေးမြူ ရေးခြံများသို့ သွားရောက်ပြီး တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သည့် ကူးစက်ပိုးမွှားရောဂါကင်းဝေးစေရန်အတွက် ကာကွယ်ထိန်းချုပ်နိုင်ရန်နှင့် ဇီဝလုံခြုံမှုစနစ်ကောင်းမွန်စေရန် ပိုးသတ်ကာကွယ်ဆေးများ စနစ်တကျ ပက်ဖျန်းဆောင်ရွက်ပေးခဲ့ပြီး ပိုးသတ်ဆေးများ ထောက်ပံ့ပေးအပ်သည်။ မြောင်းမြမြို့နယ်အတွင်းတွင် အသားစားကြက်မွေးမြူရေးခြံ ၂၁ ခြံ၊ ဥစားကြက် မွေးမြူရေးခြံ ၈၆ ခြံ၊ ဝက်မွေးမြူရေးခြံ ၆၀ မွေးမြူထားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

❑ *ကျောဖုံးမှ*

ထိုသို့ လေ့ကျင့်နေမှုကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်ဇော်ဟိန်း နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အဆိုပါ စစ်ရေးပြအခမ်းအနားတွင် တပ်မတော် (ကြည်း၊ ရေ၊ လေ) နှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တို့မှ အရာရှိ၊ စစ်သည်များ၊ အမျိုးသမီး တပ်ဖွဲ့ဝင်များ၊ အမျိုးသမီး အထူးတပ်ဖွဲ့ဝင်များ၊ တပ်မတော် (ကြည်း) ယန္တရားတပ်ဖွဲ့ဝင်များ၊ တပ်မတော်(ရေ) ယန္တရားတပ်ဖွဲ့ဝင်များနှင့် တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များပါဝင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ (၈၉) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၂၇**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ (၈၉) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားနှင့် ထူးချွန်ဝန်ထမ်းများအား ဆုပေးပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းက အဆိုပါဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက မတ် ၂၆ ရက်သည် ဝန်ကြီးဌာန စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည့် နေ့ဖြစ်ရာ မိမိတို့ ဝန်ကြီးဌာနအတွက် ထူးခြားသည့် နေ့ထူးနေ့မြတ်ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအား ၁၉၃၇ ခုနှစ် မတ် ၂၆ ရက်၌ စတင်တည်ထောင်ခဲ့ပြီး နိုင်ငံတော်နှင့် ပြည်သူလူထု၏ အကျိုးစီးပွား တိုးတက်စေရေး၊ နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုး တိုးတက်လာစေရေး အတွက်အရေးပါသည့် ကုန်သွယ်မှုကဏ္ဍတိုးတက်လာအောင် ခေတ်အဆက်ဆက် ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အပြင် နိုင်ငံတော်မှ ပေးအပ်သည့် တာဝန်များကိုလည်း ကျရာကဏ္ဍမှ ကျေပွန်စွာ ထမ်းဆောင်လာခဲ့သည်မှာ ယခုနှစ်တွင် (၈၉) နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ပါကြောင်း။

ဝန်ကြီးဌာနရှိ အဆင့်မြင့် အရာရှိကြီးများနှင့် ရာထူးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်နေသည့်ဝန်ထမ်းများအနေဖြင့်လည်း အနာဂတ်ကာလတွင် ဝန်ကြီးဌာန၏ လုပ်ငန်းများကို ခေတ်စနစ်နှင့်အညီ မြန်ဆန်သွက်လက်စွာ ဆောင်ရွက်နိုင်ရေး၊ နိုင်ငံတော်၏ မူဝါဒများ ဟန်ချက်ညီစွာဖြင့် လိုက်ပါအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး၊ ဝန်ထမ်းများ၏ ကိုယ်စီစွမ်းဆောင်ရည် မြှင့်တင်နိုင်ရေးတို့ကို အလေးထား ဆောင်ရွက်သွားရန် တိုက်တွန်း မှာကြားလိုပါကြောင်း ပြောကြားသည်။ (ယာပုံ)

ထို့နောက် ဝန်ကြီးဌာနမှ စံပြဆုရဝန်ထမ်းများ၊ ထူးချွန်ဝန်ထမ်းများနှင့် သတင်းဆောင်းပါး ဆုရရှိသည့် ဝန်ထမ်းများကို ဆုများချီးမြှင့်ရာ ဝန်ထမ်းစံပြထူးချွန်ဆုရရှိသူများ၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့က ဖွင့်လှစ်ခဲ့သည့် သင်တန်းများတွင် ထူးချွန်ဆု ရရှိသူများ၊ စစ်ရေးပြနှင့် သေနတ်ပစ် ထူးချွန်ဆုရရှိသူများ၊ ဝန်ကြီးဌာန၏ ပညာပေးဆောင်းပါးများ ရေးသားမှုတွင် ဆုရရှိသူများ၊ အခြားသင်တန်းအသီးသီးမှ ဆုရရှိသူများနှင့် ပြည်ထောင်စုဝန်ကြီးက ပေးအပ်သည့် အထူးဆုရရှိသူများကို ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက ဆုများ ချီးမြှင့်ပေးကြပြီး ဝန်ထမ်းစံပြထူးချွန်ဆုရရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် Western Park Royal Restaurant ၌ ကျင်းပပြုလုပ်သည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ (၈၉) နှစ်ပြည့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး ဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ၊ ဝန်ထမ်းများနှင့်အတူ ဂုဏ်ပြုညစာကို ရင်းနှီးပျော်ရွှင်စွာ အတူတကွ သုံးဆောင်သည်။

အဆိုပါ အခမ်းအနားများသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၊ ဆုရရှိသူများနှင့် ဖိတ်ကြားထားသူများ ပါဝင်တက်ရောက်ကြကြောင်း သိရသည်။**သတင်းစဉ်**





## ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သင်္ကြန်ယိမ်းအဖွဲ့များ နေပြည်တော်ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ရိုက်ကူးရေးဆောင်ရွက်

**နေပြည်တော် မတ် ၂၇**

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို နိုင်ငံတစ်ဝန်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့်လည်း ခါသင်္ကြန်အဆိုအက အစီအစဉ်ကို ယခင်နှစ်များနည်းတူ တင်ဆက်နိုင်ရေး ဌာနဆိုင်ရာများ၊ တက္ကသိုလ်နှင့် ကျောင်းများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များမှ သင်္ကြန်ယိမ်းအဖွဲ့များအား ရိုက်ကူးရေးဆောင်ရွက်လျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာနက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သင်္ကြန်ယိမ်းအဖွဲ့များသည် နေပြည်တော်-တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ လာရောက်၍ "မြန်ပြည်တစ်ဝန်းအေးချမ်းစေ" တေးသီချင်းဖြင့် ရိုက်ကူးရေး ဆောင်ရွက်သည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ယိမ်းအဖွဲ့များသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ စိန်ရတုပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက် ရုပ်သံထုတ်လွှင့်ရေး လုပ်ငန်းများတွင် အသုံးပြုခဲ့သည့် အသုံးအဆောင်နှင့် စက်ပစ္စည်းများ၊ ရုပ်သံထုတ်လွှင့်မှုလုပ်ငန်းစဉ် ခင်းကျင်းပြသထားမှုများ၊ မြန်မာ့ရိုးရာနှင့် ခေတ်ပေါ်တူရိယာများ ခင်းကျင်းပြသထားမှုတို့ကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသမှုနှင့်အတူ မေးမြန်းမှုများအပေါ် ပြန်လည်ဖြေကြားခဲ့ကြသည်။

**MRTV**

## ကျောက်ဖြူမြို့၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အရင်းမပျောက်မတည်ရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကျင်းပ

**ကျောက်ဖြူ မတ် ၂၇**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာစေရန်ရည်ရွယ်၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ကျောက်ဖြူမြို့နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သမဝါယမ ဦးစီးဌာနတို့က (မြစိမ်းရောင်) ကျေးရွာများ အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးရွာများသို့ အရင်းမပျောက် မတည်ရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့ မွန်းတည့် ၁၂ နာရီက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အကောင်အထည်ဖော်ဆောင်ရွက်ကြမည့် ကျေးရွာများမှ ကော်မတီဝင်များ တက်ရောက်သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးမင်းထွဏ်းက အမှာစကား ပြောကြားပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သမဝါယမဦးစီးဌာနတို့မှ မြို့နယ် ဦးစီးအရာရှိများက စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် စနဲမင်းပြင်ကျေးရွာ၊ ပေါက်ပြင်ကျေးရွာ၊ ဝမြှောင်ကျေးရွာ၊ မူရွှင်းကျေးရွာနှင့် ကျောက်ပြောက်ကျေးရွာများ အတွက် မတည်ရန်ပုံငွေကျပ်သိန်း ၂၈၀၀ အားလည်းကောင်း၊ လန့်တဲကျေးရွာအတွက် ငွေကျပ်သိန်း ၆၀၀ အားလည်းကောင်း၊ ဂုံးချိန်ကျေးရွာ၊ အုန်းတောကျေးရွာ၊ မင်းပြင်ကျေးရွာ၊ စနဲကျေးရွာနှင့် ပဒေးကျွန်းကျေးရွာများအတွက် ငွေကျပ်သိန်း ၁၀၅၄ သိန်းအားလည်းကောင်း အရင်းမပျောက် မတည်ရန်ပုံငွေများကို တာဝန်ရှိသူများက လွှဲပြောင်းပေးအပ်ရာ ကျေးရွာ ကော်မတီဝင်များမှ လက်ခံရယူခဲ့ကြောင်း သိရသည်။

**တင်ထွန်းဦး (ပြန်/ဆက်)**




## ချီဖွေမြို့နယ်၌ မဟာသင်္ကြန်ပွဲတော် ကျင်းပနိုင်ရေး စည်းဝေး

**ချီဖွေ မတ် ၂၇**

ကချင်ပြည်နယ် ချီဖွေမြို့နယ်၌ မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၁၁ နာရီက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးချစ်စမ်းအောင်က အမှာစကားပြောကြားပြီး တက်ရောက်လာကြသည့် မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများက မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအား ပြန်လည်ဆွေးနွေးခဲ့ကြကာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများသည် သင်္ကြန်မဏ္ဍပ်ဆောက်လုပ်မည့်နေရာအား သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **ယော်ကီ**

# နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် ( ၄ / ၂၀၂၃ )

၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်

( ၂၀၂၃ ခုနှစ်၊ မတ်လ ၂၄ ရက် )

**နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်းခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် **အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ** ကို မှတ်ပုံတင်အမှတ် (၂၇)၊ ၁-၆-၂၀၁၀ ရက်စွဲပါ ကြေညာချက်အမှတ် (၆၇/၂၀၁၀)ဖြင့် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခဲ့ပါသည်။

၂။ **အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ** က ၂၁-၃-၂၀၂၃ ရက်စွဲပါစာအမှတ်၊ က / ၀၀၁ (အင်း) ဖြင့် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ဖျက်သိမ်းပေးပါရန် တင်ပြချက်နှင့် စပ်လျဉ်း၍ ၂၄-၃-၂၀၂၃ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး အမှတ်စဉ်(၂/၂၀၂၃)၏ ဆုံးဖြတ်ချက်အရ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၁၉ (က)နှင့်အညီ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီကို ဖျက်သိမ်းရန် အတည်ပြုခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားသည့် **အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ** ကို ၂၀၂၃ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့မှစ၍ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်းလိုက်သည်။

( ပုံ ) သိန်းစိုး

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

နေပြည်တော် မတ် ၂၄

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုသော အောက်ဖော်ပြပါ နိုင်ငံရေးပါတီများသည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယနေ့လာရောက်လျှောက်ထားခဲ့သည် -

( ၁ ) ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ

( ၂ ) နာဂအမျိုးသားပါတီ [Naga National Party (NNP)]

( ၃ ) ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ
THE 88 GENERATION STUDENT YOUTHS (UNION OF MYANMAR) PARTY

( ၄ ) "ဝ"အမျိုးသားပါတီ (WA NATIONAL PARTY)

( ၅ ) ဓနုအမျိုးသားများအဖွဲ့ချုပ်ပါတီ (DNOP)

( ၆ ) ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ
THE UNION OF MYANMAR FEDERATION OF NATIONAL POLITICS PARTY

( ၇ ) ပြည်သူ့ပါတီ (People's Party)

( ၈ ) မြန်မာနိုင်ငံတောင်သူလယ်သမား အလုပ်သမား ပြည်သူ့ပါတီ

( ၉ ) အမျိုးသမီးပါတီ (မွန်)

(၁၀) မြို့တိုင်းရင်းသားပါတီ

(၁၁) ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (Zomi Congress for Democracy Party)

(၁၂) ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ (Danu National Democracy Party)

ယနေ့အထိ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၃ အရ လျှောက်ထားသော ပါတီ ၈ ပါတီ ရှိပြီး၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ လျှောက်ထားသော ပါတီ ၄၄ ပါတီဖြစ်၍ စုစုပေါင်း ၅၂ ပါတီ ဖြစ်သည်။ ယင်း ၅၂ ပါတီတွင် ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့်ပါတီ ၁၂ ပါတီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့် ပါတီ ၄၀ ပါတီဖြစ်ပြီး၊ အဆိုပါ ပါတီများကို တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ်(၄)ရပ်ကွက်၊ သုခနုလမ်း၊ ခြံအမှတ် (၄/၄၁၃) တွင် ပါတီရုံးချုပ်တည်ရှိသော **ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ (Karen National Democratic Party)**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် ၂၃-၃-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ (Karen National Democratic Party)၏ အလံပုံစံ**



**ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ (Karen National Democratic Party)၏ တံဆိပ်ပုံစံ**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# မန္တလေးမြို့တွင် ပထမဦးဆုံးလျှပ်စစ်ကားဓာတ်အားသွင်းရုံ ဖွင့်လှစ်ခြင်းအခမ်းအနား ကျင်းပ

မန္တလေး မတ် ၂၄

Asia Pacific Automaker Corporation (APAC) က တည်ဆောက်ပြီးစီးသည့် လျှပ်စစ်သုံးယာဉ်များ အားသွင်းနိုင်သည့် Charging Station ဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ သိပ္ပံလမ်း ဆင်ဖြူကန်ကွင်း၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ဖိတ်ကြားထားသည့် ဌာနဆိုင်ရာအကြီးအကဲများ၊ Asia Pacific Automaker Corporation (APAC)မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



**ရှင်းလင်းတင်ပြ**

ဦးစွာ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေး ဝန်ကြီး၊ မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းက လျှပ်စစ်သုံးယာဉ်များ အားသွင်းသည့် Charging Station များ တည်ဆောက်ရခြင်းနှင့် ပတ်သက်၍ အမှာစကား ပြောကြားခဲ့ပြီး Asia Pacific Automaker Corporation (APAC) မှ မန်နေဂျင်း ဒါရိုက်တာ ဦးနောင်နောင်လတ်က အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ လမ်းညွှန်မှုများနှင့်အညီ မြန်မာနိုင်ငံအတွင်း လျှပ်စစ်သုံးယာဉ်များ ပြေးဆွဲအသုံးပြုနိုင်ရေးနှင့် Charging Infrastructure များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းပါဝင်ခွင့်ရခြင်းနှင့်စပ်လျဉ်း၍ ကျေးဇူးတင်စကားပြောကြားပြီး လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြသည်။

**လိုက်လံကြည့်ရှု**

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝဏ္ဏဓော်နှင့် Asia Pacific Automaker Corporation (APAC) မှ တာဝန်ရှိသူများက APAC EV Charging Station(MDY 01)အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်းက APAC EV Charging Station(MDY01) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီးနောက် EV Charging Stationမှ EV လျှပ်စစ်ကားများနှင့် မန္တလေးမြို့တွင် ပြေးဆွဲမည့် City Taxi EV လျှပ်စစ်ကားများ လက်တွေ့မောင်းနှင်ပြသမှုများကို လိုက်လံကြည့်ရှုခဲ့ကြသည်။

ယနေ့ဖွင့်လှစ်ခဲ့သည့် APAC EV Charging Station(MDY 01) သည်မန္တလေးမြို့တွင် လျာထားတည်ဆောက်လျက်ရှိသည့် Charging Station ငါးနေရာအနက် ပထမဦးဆုံး တည်ဆောက်ပြီးစီး၍ ဖွင့်လှစ်နိုင်ခဲ့သော Charging Stationဖြစ်ပြီး လျှပ်စစ်သုံးယာဉ် ၁၀ စီးကို တစ်ပြိုင်တည်း အားသွင်းနိုင်မည်ဖြစ်ကြောင်းနှင့် ကျန်ရှိသော EV Charging Station များ တည်ဆောက်နေမှုသည်လည်း မကြာမီပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် မတ် ၂၄

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် တရုတ်နိုင်ငံရေအားလျှပ်စစ်၊ လေအားလျှပ်စစ်စီမံကိန်းများ ကြည့်ရှုလေ့လာ

နေပြည်တော် မတ် ၂၄

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်နေမှုကို လေ့လာနိုင်ရန် တရုတ်နိုင်ငံ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရောက်ရှိနေသော လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မတ် ၁၇ ရက်မှ ၂၂ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့နှင့် ပေကျင်းမြို့များသို့ သွားရောက်ခဲ့ကြသည်။**



ထိုသို့သွားရောက်စဉ် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မတ် ၂၀ ရက် နံနက် ၁၀ နာရီ၌ ယူနန်ပြည်နယ်အစိုးရ ပြည်နယ်အုပ်ချုပ်ရေးမှူး၊ တရုတ်ပြည်ကွန်မြူနစ်ပါတီ တွဲဖက်အတွင်းရေးမှူး ဝမ်ယူဘို ဦးဆောင်သော အုပ်ချုပ်ရေးအဖွဲ့နှင့် ကူမင်းမြို့ရှိ ယူနန်ပြည်နယ်အစိုးရ၏ ဧည့်ရိပ်သာတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေးနှင့်ပတ်သက်၍ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ပြုလုပ်သည်။ **(ယာပုံ)** ထိုသို့ပြုလုပ်ရာတွင် ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်က နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုသည် နှစ်ပေါင်းများစွာမှစ၍ ချစ်ကြည်ရင်းနှီးခဲ့သည့် ဆွေမျိုးပေါက်ဖော်များ ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ အပြန်အလှန် ရိုင်းပင်းကူညီမှုများလည်းရှိပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် တရုတ်နိုင်ငံမှ လာရောက်၍ ရင်းနှီးမြှုပ်နှံသူများ၏ ဆောင်ရွက်နေသော စီမံကိန်းများကိုလည်း ပိုမိုတိုးတက်အောင်မြင်အောင် ဝိုင်းဝန်းပံ့ပိုး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဆက်လက်၍လည်း မိမိတို့နိုင်ငံတွင် ရေအား၊ နေရောင်ခြည်၊ လေအားနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရန် အရင်းအမြစ်များရှိ၍ ထပ်မံရင်းနှီးမြှုပ်နှံသူများ လာရောက်နိုင်ရန် ဖိတ်ခေါ်လိုပါကြောင်း၊ ရေအားတွင် အသေးစားရေအား လျှပ်စစ်မှစ၍ အကြီးစားရေအားလျှပ်စစ်များ ထုတ်လုပ်ရန် ဆွေးနွေးလျက်ရှိသည်များကိုလည်း ဆက်လက်အားပေးစေလိုပါကြောင်း၊ တရုတ်-မြန်မာ နယ်စပ်ဖြတ်ကျော် လျှပ်စစ်ဓာတ်အား သွယ်တန်းခြင်းလုပ်ငန်းများကိုလည်း ၂၀၂၄ ခုနှစ်တွင် ရရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသဖြင့် လိုအပ်သည်များကို ဆက်လက်ကူညီပံ့ပိုးပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ယူနန်ပြည်နယ်အစိုးရ ပြည်နယ်အုပ်ချုပ်ရေးမှူးက ယူနန်ပြည်နယ်သည် မြန်မာနိုင်ငံနှင့် အရှည်လျားဆုံး ထိစပ်နေသော ပြည်နယ်ဖြစ်သည့်အလျောက် မြန်မာနိုင်ငံ၏အခက်အခဲများအပေါ် နားလည်ပါကြောင်း၊ အထူးသဖြင့် စွမ်းအင်အသစ်ကဏ္ဍ နှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်ရန် ယူနန်ပြည်နယ်အစိုးရအနေဖြင့် မူအားဖြင့် ထောက်ခံလျက်ရှိပါ ကြောင်း၊ ဆက်လက်၍လည်း လိုအပ်သည်များကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မတ် ၂၁ ရက် မွန်းလွဲ ၃ နာရီတွင် ပေကျင်းမြို့ရှိ အမျိုးသားစွမ်းအင်စီမံအုပ်ချုပ်ရေးအဖွဲ့(National Energy Administration– NEA)ရုံးချုပ်၌ အမျိုးသားစွမ်းအင်စီမံအုပ်ချုပ်ရေးအဖွဲ့ NEA ၏ ဒုတိယဥက္ကဋ္ဌ မစ္စတာရန်ဂျင်းဒန်နှင့်အဖွဲ့ကို တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံ၌ ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိရန်အတွက် Master Plan ကို ရေးဆွဲထားပြီး ဖြစ်ပါကြောင်း၊ ထိုသို့ရေးဆွဲထားသော်လည်း နှစ်အလိုက် ထုတ်လုပ်မှုနှင့်သုံးစွဲမှု မမျှတသောကြောင့် လျှပ်စစ်ဓာတ်အား လိုအပ်လျက်ရှိပါကြောင်း၊ လိုအပ်နေသည့် လျှပ်စစ်ဓာတ်အားများကို ဖြည့်ဆည်းနိုင်ရန် အရင်းအမြစ်မျိုးစုံဖြစ်သော ရေအား၊ လေအား၊ နေရောင်ခြည်၊ ကျောက်မီးသွေးနှင့် သဘာဝဓာတ်ငွေ့ အရင်းအမြစ်မျိုးစုံမှ ထုတ်လုပ်လျက်ရှိပါကြောင်း၊ သို့ရာတွင် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုကျဆင်းလာသဖြင့် ရေအား၊ နေရောင်ခြည်နှင့် လေအားအပြင် ကျောက်မီးသွေးမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်စဉ် လာရောက်ရင်းနှီးမြှုပ်နှံလျက်ရှိသည့် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများကိုလည်း လိုအပ်သည်များ ကူညီဖြည့်ဆည်းပံ့ပိုးပေးလျက်ရှိပါကြောင်း၊ ရေအားလျှပ်စစ်တွင် အကြီးစားရေအားလျှပ်စစ်စီမံကိန်းများအပြင် အသေးစားရေအားလျှပ်စစ်စီမံကိန်းများကိုလည်း ဆောင်ရွက်ရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ လေအားအနေဖြင့်လည်း အရင်းအမြစ် နေရာများစွာရှိသဖြင့် ထပ်မံတိုးချဲ့ထုတ်လုပ်ရန် စီစဉ်လျက်ရှိပါကြောင်း၊ ယခုကာလတွင် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ရှိနေသော်လည်း ၂၀၂၅ ခုနှစ်တွင် တတ်နိုင်သမျှ လိုအပ်ချက်ကို ထပ်မံဖြည့်ဆည်းနိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ပါ၍ မိမိတို့နိုင်ငံ၏ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံရန် လာရောက်သူများကို (NEA) အနေဖြင့် ခွင့်ပြုပံ့ပိုးပေးရန်နှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် နည်းပညာဖလှယ်သည့် ဆွေးနွေးပွဲနှင့် သင်တန်းများကိုလည်း ဖိတ်ခေါ်ပေးရန်တို့ကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် NEA ၏ ဒုတိယဥက္ကဋ္ဌ မစ္စတာရန်ဂျင်းဒန် (Mr. Ren Jing Dong) က ပြန်လည်ပြောကြားရာတွင် မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို သိရှိပါသဖြင့် ကိုယ်ချင်းစာပါကြောင်း၊ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် မြန်မာနိုင်ငံတွင် အများဆုံးဖြစ်သော ရေအားလျှပ်စစ်စီမံကိန်းများကို ထုတ်လုပ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ နယ်စပ်ဖြတ်ကျော် ဆောင်ရွက်လျက်ရှိသော စီမံကိန်းများကိုလည်း အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ၎င်းစီမံကိန်းသည် နောင်တွင် မြန်မာနိုင်ငံမှ လျှပ်စစ်ဓာတ်အားလိုအပ်ပါက ရောင်းချနိုင်ရန်ဖြစ်ပြီး ပိုမိုထုတ်လုပ်နိုင်ချိန်တွင် ဝယ်ယူရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလျက်ရှိသော တရုတ်နိုင်ငံကုမ္ပဏီများ၏ လိုအပ်ချက်များကိုလည်း ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးစေလိုပါကြောင်း၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းများကိုလည်း NEA အနေဖြင့် ကူညီသွားမည်ဖြစ်ပါကြောင်းနှင့် ယခု ၂၀၂၃ ခုနှစ်သည် တရုတ်-မြန်မာ သံတမန်ဆက်ဆံမှု (၇၃)နှစ်မြောက် ဖြစ်သကဲ့သို့ တရုတ်-မြန်မာ ပူးပေါင်းဆောင်ရွက်မှု Belt and Road (၁၀) နှစ် ပြည့်မြောက်သောနှစ် ဖြစ်သည့်အလျောက် မဟာဗျူဟာမြောက် ဆက်ဆံရေးများကို နက်နက်ရှိုင်းရှိုင်း တိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အခွင့်သင့်ပါက NEA အဖွဲ့အနေဖြင့် မြန်မာနိုင်ငံသို့ လာရောက်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မတ် ၁၈ ရက်တွင် ယူနန်ပြည်နယ် ချင်းဂျာမြို့အနီးရှိ စက်တပ်ဆင်အင်အား ၁၀၀၀ မဂ္ဂါဝပ် ၁၆ လုံးဖြင့် ၁၆၀၀၀ မဂ္ဂါဝပ် ထုတ်လုပ်နေသော (Baihetan) ဘိုင်ဟေထန် ရေအားလျှပ်စစ်စက်ရုံစီမံကိန်း၏ တည်ဆောက်ထုတ်လုပ်နေမှုများကိုလည်းကောင်း၊ မတ် ၁၉ ရက်တွင် Yunnan Provincial Energy Investment Group (YEIG) ကုမ္ပဏီမှ ၃၉၀ မဂ္ဂါဝပ် ထုတ်လုပ်ပို့လွှတ်လျက်ရှိသော လေအားလျှပ်စစ်စီမံကိန်းများကိုလည်းကောင်း သွားရောက်လေ့လာခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မတ် ၂၂ ရက် နံနက် ၁၀ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ နိုင်ငံခြားဆက်ဆံရေးဌာနမှ ကြီးမှူးကျင်းပသော တရုတ်-မြန်မာ လျှပ်စစ်ကဏ္ဍပူးပေါင်းဆောင်ရွက်ရေး စားပွဲဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများဖြစ်သည့် ရွှေလီ(၁) ရေအားလျှပ်စစ်စီမံကိန်း ဆောင်ရွက်နေသော ဟွာနန်းလန်းချန်း ကုမ္ပဏီ၊ ရေအားလျှပ်စစ်စက်ရုံစီမံကိန်းများအတွက်ပစ္စည်းများ ပေးသွင်းနေပြီး လေအားလျှပ်စစ်စီမံကိန်းထုတ်လုပ်လျက်ရှိသည့် YEIG ကုမ္ပဏီ၊ နေရောင်ခြည် စွမ်းအင်သုံးစက်ရုံစီမံကိန်းများ ဆောင်ရွက်လျက်ရှိသည့် ခီဒီးကုမ္ပဏီ၊ ဓာတ်အားပို့လွှတ်ရေး စီမံကိန်းများတွင် ဆောင်ရွက်လျက်ရှိသည့် China Southern Power Grid ကုမ္ပဏီ၊ ရေအား လျှပ်စစ်စီမံကိန်းများ ဆောင်ရွက်နေသော SPIC ကုမ္ပဏီ၊ Datang ကုမ္ပဏီ၊ CEEC ကုမ္ပဏီ၊ State Grid ကုမ္ပဏီ တို့နှင့် တွေ့ဆုံခဲ့ပြီး ကုမ္ပဏီများ၏ လိုအပ်ချက်၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

**နေပြည်တော် မတ် ၂၄**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Essential Motors Co., Ltd. မှ တင်သွင်းလာသော BYD Dolphin အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ် ၁၀ စီးသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါ လျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့် ပြုထားကြောင်း သိရသည်။

**သတင်းစဉ်**




## (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက် ဒူဝါဇော်လွန်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ ကျင်းပ

**နေပြည်တော် မတ် ၂၄**

(၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ် အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက် ဒူဝါဇော်လွန်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါနေရာ၌ ပြုလုပ်ရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုမောင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဒူဝါဇော်လွန်လမ်း အပါအဝင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် လမ်းတံတားလုပ်ငန်း ဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက် ဒူဝါဇော်လွန်လမ်း ကတ္တရာလမ်းသစ်အား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လမ်းသစ်ကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ ဒူဝါဇော်လွန်လမ်း ကတ္တရာလမ်းသစ်သည် အရှည်ပေ ၁၂၃၀၊ အကျယ် ၁၄ ပေရှိပြီး တပ်ကုန်းရပ်ကွက်နှင့် မန်ခိန်ရပ်ကွက်တို့ကို ဆက်သွယ်ထားသည့် လမ်းမကြီးဖြစ်ပြီး အများပြည်သူများ သွားလာမှု အဆင်ပြေ ချောမွေ့စေရေးအတွက် များစွာအထောက်အကူဖြစ်စေကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရခိုင်ပြည်နယ်ကမ်းရိုးတန်းဒေသများနှင့် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်တို့ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပြီး ပြန်လည်ရောက်ရှိ

**နေပြည်တော် မတ် ၂၄**

တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် နယ်လှည့် အထူးကုဆေးအဖွဲ့များ လိုက်ပါလာသော တပ်မတော် ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ရခိုင်ကမ်းရိုးတန်း တစ်လျှောက်ရှိ မြို့နယ် ကျေးရွာများနှင့် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်တို့ရှိ ဒေသခံပြည်သူများအား မတ် ၁ ရက်မှ ၂၂ ရက်အထိ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၄) ရေတပ်ဆိပ်ခံတံတား (သီလဝါ) သို့ ပြန်လည်ရောက်ရှိလာရာ သန်လျင်တပ်နယ်မှ ဗိုလ်ချုပ် ထိန်ဝင်း ဦးဆောင်သော တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်မိသားစုများနှင့် သန်လျင်မြို့နယ် ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်ချိုချိုလွင်တို့က ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)မှ အထူးကုဆေးအဖွဲ့များသည် ရခိုင်ကမ်းရိုးတန်းဒေသများဖြစ်သော ဂွမြို့၊ သံတွဲမြို့နယ် ကျောက္ကလပ်ကျေးရွာအုပ်စု သပြုချိုင်ကျေးရွာ၊ ရမ်းဗြဲမြို့နယ် ကျောက်နီမော်ကျေးရွာ၊ မာန်အောင်မြို့နယ်၊ ကျောက်ဖြူမြို့နယ်၊ စနဲမြို့၊ မြောက်ဦးခရိုင် မြေပုံမြို့နယ်၊ စစ်တွေခရိုင် ပေါက်တောမြို့ရှိ ပြိုင်းတောင်ကျေးရွာအုပ်စု စိုးမဲကျီကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများ၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်အနီးတစ်ဝိုက်ဒေသများရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ ဆောင်ရွက်ပေးမှုအနေဖြင့် ဆေးကုသမှုဆိုင်ရာ ရောဂါ ၄၈၁၆ ဦး၊ ခွဲစိတ်ရောဂါ ၈၁၈ ဦး၊ သားဖွား/မီးယပ်ရောဂါ ၆၀၉ ဦး၊ ကလေးရောဂါ ၇၈၀၊ အရိုးရောဂါ ၂၈၈၄ ဦး၊ နား/နှာခေါင်း/လည်ချောင်း ရောဂါ ၁၁၇၉ ဦး၊ မျက်စိရောဂါ ၃၅၀၉ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၁၂၃၂ဦး၊ စုစုပေါင်း ဒေသခံပြည်သူ ၁၅၈၂၇ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ၎င်းတို့အနက် မျက်စိခွဲစိတ်လူနာ ၁၄၂ ဦးနှင့် အထွေထွေခွဲစိတ်လူနာ ၁၀၀ တို့ကို ဆေးရုံရေယာဉ်ပေါ်တွင် ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် ဓာတ်မှန်ရိုက်လူနာ ၆၅ ဦး၊ Ultrasound ရိုက်လူနာ ၁၁၅၈ ဦး၊ ဓာတ်ခွဲစမ်းသပ်လူနာ ၃၈၈ ဦးနှင့် ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၁၀၇ ဦးတို့ကိုရောဂါရှာဖွေစမ်းသပ်ခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးရုံရေယာဉ်ပေါ်ရှိ သားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင်တစ်ဦးအား အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။



တပ်မတော် ပင်လယ်သွား ဆေးရုံရေယာဉ် (သံလွင်) ဖြင့် ပြန်လည် ရောက်ရှိလာသည့် တပ်မတော်နှင့် ကျန်းမာရေး ဝန်ကြီးဌာနတို့မှ အထူးကုဆေးအဖွဲ့ဝင်များအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဂုဏ်ပြုပေးအပ်ချီးမြှင့်သော လက်ဆောင်ပစ္စည်းများအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား ဗိုလ်ချုပ် ထိန်ဝင်းက ပေးအပ်ခဲ့ပြီး**(အပေါ်ပုံ)** စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

တပ်မတော် ပင်လယ်သွား ဆေးရုံရေယာဉ် (သံလွင်) ဖြင့် ၂၀၁၆ ခုနှစ်မှစ၍ မြန်မာ့ပင်လယ်ကမ်းရိုးတန်း ဒေသများနှင့် ပတ်ဝန်းကျင် ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယခုခရီးစဉ်သည် (၁၆) ကြိမ်မြောက်ဖြစ်ပြီး ဒေသခံပြည်သူ စုစုပေါင်း ၁၄၁၉၉၄ ဦးတို့ကို ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းနှင့် ဆေးရုံရေယာဉ်ပေါ်ရှိ သားဖွားခန်း၌ ကိုယ်ဝန်ဆောင် မိခင်၁၈ဦးတို့ကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါ တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်) ဖြင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့မှုအပေါ် တာဝန်ရှိသူများ၏ ရင်တွင်း ပီတိစကားသံများအား ယခုလိုပဲ ကြားသိခဲ့ရပါတယ်–

"ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လက်အောက်ခံတပ်ရင်းတပ်ဖွဲ့တွေကို သဘာဝဘေးအန္တရာယ် ကျရောက်မှုကြောင့် ဒုက္ခရောက်နေတဲ့ ပြည်သူလူထုထံ အထက်အမိန့်တစ်စုံတစ်ရာစောင့်ဆိုင်းမှုမလိုဘဲ အမြန်ဆုံးသွားရောက်ပြီး စာနာကူညီပေးဖို့ ရှင်းလင်းစွာညွှန်ကြားချက်ပေးခဲ့တဲ့အပြင် ကျန်းမာရေးစောင့်ရှောက်မှုအနေနဲ့ လူ့အသက်ထက် အရေးကြီးတာ ဘာမှမရှိဘူးဆိုတဲ့ ညွှန်ကြားချက်တွေ ညွှန်ကြားပေးခဲ့တဲ့အတွက် ဝေးလံခေါင်ဖျားပြီး သွားလာရခက်ခဲတဲ့ ကမ်းရိုးတန်း တစ်လျှောက်မှာရှိတဲ့ မြို့၊ ရွာများကိုပင်လယ်သွား ဆေးကုရေယာဉ် သံလွင်နဲ့လည်းကောင်း၊ မြစ်ဝကျွန်းပေါ်ဒေသများနဲ့ မြစ်ချောင်းတစ်လျှောက်မှာရှိတဲ့ ပြည်သူလူထုအတွက် မြစ်တွင်းသွားဆေးကု ရေယာဉ်ရွှေပုဇွန်နဲ့ တစ်နှစ်လျှင် နှစ်ကြိမ်မှ သုံးကြိမ်စေလွှတ်ပြီး ဆေးကုသမှု ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ယခုအချိန်အထိ ပင်လယ်သွား ဆေးကုရေယာဉ် သံလွင်နဲ့ မြစ်တွင်းသွားဆေးကုရေယာဉ် ရွှေပုဇွန်တို့ဟာ ဆေးကုသမှုခရီးစဉ် စုစုပေါင်း (၃၃) ကြိမ်အထိ သွားရောက်နိုင်ခဲ့ပြီး ဆေးကုသပေးတဲ့ ပြည်သူလူထု စုစုပေါင်း ၃၀၆၈၀၁ ဦး၊ ကလေးမီးဖွားနိုင်မှု ၄၃ ဦးအထိ ကျန်းမာရေးဆိုင်ရာ ကာကွယ်ကုသမှု ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အခုဆေးကုသမှုခရီးစဉ်၏ ထူးခြားမှုတစ်ခုကတော့ တပ်မတော် ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံးမှ ပါရဂူများ၊ သူနာပြုများပါဝင်တဲ့ နယ်လှည့်ဆေးကုသမှုအဖွဲ့အပြင် ကျန်းမာရေးဦးစီးဌာနက ပါရဂူများ၊ သူနာပြုများ ပါဝင်တဲ့ ဆေးကုသမှုအဖွဲ့ဟာ ဝေးလံခေါင်ဖျားပြီး သွားလာခက်ခဲတဲ့ ရခိုင်ပြည်နယ် ကမ်းရိုးတန်းတစ်လျှောက်နဲ့ ကိုကိုးကျွန်းမြို့နယ်က ဒေသခံပြည်သူလူထုရဲ့ ကျန်းမာရေးကို စောင့်ရှောက်ကုသပေးနိုင်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရဲ့ ပြည်သူအပေါ်ထားရှိတဲ့ စိတ်ရင်းစေတနာကောင်းများဖြင့် လမ်းညွှန်မှုများကြောင့် ပြည်သူလူထုအတွက် အဓိကလိုအပ်တဲ့ ကျန်းမာရေးဆိုင်ရာစောင့်ရှောက်မှုကို ထိထိရောက်ရောက် ကုသပေးနိုင်မှုကြောင့် များစွာအကျိုးရှိခဲ့ပါတယ်။ ဆေးကုသမှုပေးခဲ့တဲ့နေရာတွေက လူနာတွေနဲ့ တာဝန်ရှိသူတွေရဲ့ ရင်တွင်းကလာတဲ့ ကျေးဇူးတင်စကား၊ ဆုတောင်းမေတ္တာ စကားသံများကိုကြားတဲ့အခါမှာ ကျွန်တော်တို့ရဲ့ဆွေမျိုးသားချင်းတွေကို ကျန်းမာရေး စောင့်ရှောက်မှုပေးရသလို ရင်ထဲမှာခံစားရပါတယ်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရဲ့ လမ်းညွှန်ချက်နဲ့အညီ ပင်လယ်သွားဆေးကုရေယာဉ် သံလွင်ရဲ့ (၁၆) ကြိမ်မြောက် နယ်လှည့်ဆေးကုသမှုခရီးစဉ်မှာ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်၊ ရေတပ်စခန်း ဌာနချုပ်နဲ့ တပ်များ၊ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ၊ ပရဟိတအသင်းအဖွဲ့များမှ တစ်တပ်တစ်အားပါဝင်ဖြည့်ဆည်းပေးခဲ့တဲ့ အတွက် ကမ်းရိုးတန်း တစ်လျှောက်နဲ့ ကျွန်းများမှာ နေထိုင်တဲ့ မိဘပြည်သူတွေရဲ့ ကျန်းမာရေးဆိုင်ရာ ဆေးကုသမှုလုပ်ငန်းတွေကို ထိရောက်စွာဆောင်ရွက်ပေးနိုင်တဲ့အတွက် ပြည်သူ့ပုလဲသွယ်ဆိုတဲ့ အဓိပ္ပာယ်ကို အောင်မြင်စွာဖော်ဆောင်နိုင်ခဲ့ကြောင်း ပြောကြားလိုပါတယ်"







ရင်တွင်းပီတိစကားပြောကြားသည့် တာဝန်ရှိသူများ။

"ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း) ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ တပ်ဖွဲ့ဝင်တွေနဲ့ ကျန်းမာရေး ဝန်ကြီးဌာနမှ ဆရာဝန်၊ ပါရဂူ၊ သူနာပြုတွေပါဝင်တဲ့အဖွဲ့တွေက ပင်လယ်သွားစစ်ရေယာဉ် သံလွင်နဲ့ ဆေးကုသမှုလုပ်ငန်းများကို (၁၆) ကြိမ်မြောက် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်ခဲ့တဲ့အခါမှာ ကျွန်တော်တို့ရဲ့အတွေ့အကြုံအရ ပင်လယ်သွားခြင်းဟာ ပထမဆုံးအကြိမ်ဖြစ်တဲ့အတွက် သွားလာမှုများမှာ ခက်ခဲပင်ပန်းကြတယ်လို့ ထင်ခဲ့မိပါတယ်။ တစ်ကယ့်တစ်ကယ် သွားရောက်ကုတဲ့အခါမှာတော့ ပြည်သူတွေရဲ့ ကျန်းမာရေးကို ထိထိရောက်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ပြည်သူတွေရဲ့ တွေ့ကြုံနေရတဲ့ ကျန်းမာရေး ပြဿနာတွေကို ခေတ်မီစက်ကိရိယာတွေနဲ့ စနစ်တကျ ဖော်ထုတ် ဖြေရှင်းပေးနိုင်ခဲ့တာတွေ၊ ပြည်သူတွေကြုံတွေ့နေရတဲ့ မျက်စိဆိုင်ရာ ပြဿနာတွေ အပါအဝင် အောင်မြင်စွာဆောင်ရွက်ပေးနိုင်ခဲ့တာတွေ၊ ပြည်သူတွေရဲ့ ရောဂါအဝဝကို ကျန်းမာရေးဆိုင်ရာပါရဂူတွေနဲ့ စနစ်တကျ ဆောင်ရွက် ပေးနိုင်ခဲ့တာတွေ၊ သားဖွားရန်ခက်ခဲတဲ့ မိခင်တွေကို စနစ်တကျအကြံပြုခဲ့ပြီး ခွဲစိတ်မှု တစ်ကြိမ်အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်ခဲ့တာတွေ၊ ဒါ့အပြင် ရောဂါပျောက်ပြီး သူတို့ရဲ့အပြုံးပန်းတွေ၊ သူတို့ရဲ့ဝမ်းသာပီတိဖြစ်မှုတွေ၊ သူတို့ရဲ့ကျေးဇူးတင်စကားတွေကြုံတွေ့ရတဲ့ အခါမှာတော့ ကျွန်တော်တို့ရဲ့ ပင်ပန်းမှုတွေအားလုံးဟာ မြူမှုန်မျှမကျန်အကုန်လုံး ပြေပျောက်သွားခဲ့ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ ဆေးဝန်ထမ်းတပ်ဖွဲ့တွေအနေနဲ့ နောင်အခါတွေလည်း ယခုကဲ့သို့ ခရီးစဉ်တွေမှာ ဆတက်ထမ်းပိုးတိုးမြှင့်အားဖြည့်ဆောင်ရွက်ဖို့ သန္နိဋ္ဌာန်ချမိ ပါတယ်။ ယခုကဲ့သို့ခရီးစဉ်တွေမှာ ပြည်သူလူထုရဲ့ ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်မှုတွေကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့တာကတော့ နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်မှုနဲ့ ခေတ်မီစက်ကိရိယာပစ္စည်းတွေ၊ ခေတ်မီဆေးရုံသုံးပစ္စည်းတွေ၊ ခေတ်မီဆေးဝါးတွေ၊ ဆောင်ရွက်မှုတွေနဲ့ အုပ်ချုပ်ထောက်ပံ့ဆိုင်ရာ ပြည့်စုံလုံလောက်မှု ရှိခြင်းတို့ရဲ့ အထောက်အပံ့တွေနဲ့ အစွမ်းကြောင့်လို့ ပြောကြားလိုပါတယ်"

"ကျွန်တော်ကတော့ ကျန်းမာရေးဝန်ကြီးဌာနမှ တွဲဖက်ပါမောက္ခဖြစ်ပါတယ်။ ယခုဆေးအဖွဲ့နဲ့လိုက်ပါလာတဲ့ ရည်ရွယ်ချက်ကတော့ နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်နဲ့ ဆေးတပ်ဖွဲ့နဲ့ ပူးပေါင်းဆောင်ရွက်ဖို့ လိုက်ပါလာရခြင်း ဖြစ်ပါတယ်။ အခုလို လိုက်ပါလာတဲ့နေရာမှာ ကျွန်တော်တို့ကျန်းမာရေးဝန်ကြီးဌာနရဲ့ ရည်မှန်းချက်နှစ်ရပ်ဖြစ်တဲ့ လူတိုင်းသက်တမ်းစေ့ကျန်းမာစွာနေထိုင်ရေးနဲ့ ရောဂါဘယကင်းရှင်းရေးတို့ ဖြစ်ပါတယ်။ အဲဒီ ရည်မှန်းချက်နှစ်ရပ်ကို အကောင်အထည် ဖော်ရာတွင် နည်းနာသုံးရပ်ထဲက တစ်ချက်ဖြစ်တဲ့ ကျေးလက်ဒေသအောက်ခြေအထိ ကျန်းမာရေးအသိပညာပေးခြင်းနဲ့ ရောဂါကာကွယ်တားဆီးခြင်းတို့ဖြစ်ပါတယ်။ အဲဒီနေရာမှာ ဝေးလံခေါင်ဖျားဒေသတွေလည်း ပါဝင်ပါတယ်။ ပင်လယ်ပြင်ကို ဖြတ်ကူးပြီးတော့ ဝေးလံခေါင်ဖျား ဒေသတွေကို သွားရောက်ရမှာဖြစ်တဲ့အတွက် အလွန်ခက်ခဲမယ်လို့ ထင်မြင်မိသော်လည်း လူနာတွေကို အားရကျေနပ်စွာ ကုသပေးနိုင်တယ်။ မျက်စိမမြင်ရတဲ့ လူနာတွေကို မျက်စိချက်ချင်း ပြန်မြင်လာအောင် မျက်စိဆရာဝန်တွေက ကုသပေးနိုင်တယ်။ ခေတ်မီစက်ကိရိယာတွေပါတဲ့ သင်္ဘောကြီးမှာ လူနာတွေကို ခေတ်မီစက်ကိရိယာများနဲ့ ကုသပေးနိုင်တဲ့အတွက်ကြောင့် လူနာတွေချက်ချင်းကောင်းသွားတာ တွေ့ရတဲ့အခါမှာ လူနာတွေရဲ့ အားရကျေနပ်မှု၊ ဝမ်းသာပီတိဖြစ်မှုနဲ့ အားကိုးမှုတို့တွေ့ရတဲ့အခါမှာ ကျွန်တော်တို့ ပင်ပန်းဆင်းရဲမယ်၊ ခက်ခဲမယ် ထင်ထားတာ အားလုံးပပျောက်သွားတာတွေ့ရပါတယ်။ လူနာတွေရဲ့အားကိုးမှု၊ လေးစားမှုနဲ့ ဝမ်းသာပီတိ မျက်ရည်တွေကို တွေ့ရတဲ့အခါမှာ နောက်နှစ်တွေမှာလည်း ဒီသံလွင်သင်္ဘောကြီးနှင့်အတူ ဝေးလံခေါင်ဖျားဒေသတွေမှာရှိတဲ့ တိုင်းရင်းသားတွေရဲ့ ကျန်းမာရေးကို စောင့်ရှောက်ဖို့ လိုအပ်လာမယ်ဆိုရင် လိုက်ပါမယ်လို့ ကျွန်တော်ဆုံးဖြတ်မိပါတယ်။ ယခုခရီးစဉ်မှာ တန်ဖိုးမဖြတ်နိုင်တဲ့ အတွေ့အကြုံတွေ များစွာရရှိခဲ့ပါတယ်။ ကျွန်တော်တို့ဟာ ရေတပ်က စစ်သင်္ဘောကြီးနဲ့ လိုက်လာရတဲ့အတွက်ကြောင့် ရေတပ်အရာရှိကြီးတွေရဲ့ စီမံခန့်ခွဲမှုကို အနီးကပ် လေ့လာခွင့်ရရှိခဲ့ပါတယ်။ နောက်တစ်ခုက တပ်မတော် ဆေးတပ်ဖွဲ့နဲ့အတူ ပူးပေါင်းရတဲ့အတွက် ရင်းနှီးချစ်ခင်မှု အစရှိတဲ့ အတွေ့အကြုံတွေ ရရှိခဲ့ပါတယ်။ နောက်တစ်ခုက ရခိုင်တိုင်းရင်းသားတွေရဲ့ ဓလေ့စရိုက်၊ ရခိုင်တိုင်းရင်းသားတွေရဲ့ ကျန်းမာရေး အခက်အခဲတွေကိုလည်း နားလည်သိရှိခွင့် ရရှိခဲ့ပါတယ်။ နောက်ဆုံးအနေနဲ့ပြောချင်တာကတော့ ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာနက လိုက်ပါလာတဲ့ ဆရာဝန်၊ သူနာပြုတွေနဲ့ တပ်မတော်ဆေးအဖွဲ့က ဆရာဝန်တွေ ပူးပေါင်းဆောင်ရွက်မှုကြောင့် ကျွန်တော့်အနေနဲ့ဝမ်းသာပီတိဖြစ်မိပါတယ်။ ဂုဏ်လည်း ဂုဏ်ယူမိပါတယ်" **သတင်းစဉ်**

*(၇၈) နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုဆောင်းပါး*

# လွတ်လပ်ရေးရရန် ဘဝသစ်သို့ ၃၅ မိနစ်အလိုတွင် ရေးခဲ့သော တော်လှန်ရေးတပ်သားကောင်းတစ်ဦး၏ ဥဒါန်း

## ခင်မြတ်လေး

တပ်မတော်သားတစ်ဦး တိုင်းပြည်အတွက် လွတ်လပ်ရေးရရန် ကြိုးပမ်းမှု၊ ကြိုးပမ်းနေစဉ်အတွင်း ခံစားမှုနှင့် လွတ်လပ်ရေးရခါနီး ခံစားမှုများကို ရာဇဝင်သိရှိ နိုင်စေရန် လွတ်လပ်ရေးရခါနီး ၃၅ မိနစ်အလိုတွင် ရေးသားခဲ့သည့် ဥဒါန်းတွင်သော စာတိုလေးတစ်စောင်ဖြစ်သည်။ နေ့စဉ်မှတ်တမ်း ရေးသားခဲ့ခြင်းကြောင့်သာ ဤကဲ့သို့တန်ဖိုးရှိသော မှတ်တမ်းမှတ်ရာများ ကျန်ရစ်ခဲ့ခြင်း ဖြစ်သည်။



မြန်မာ့လွတ်လပ်ရေးပြန်လည်ရရှိရန် တိုက်ပွဲဝင်ခဲ့သော ဗမာ့လွတ်လပ်ရေးတပ်မတော်(BIA)တပ်ဖွဲ့ဝင်များ ရန်ကုန်မြို့သို့ ရောက်ရှိလာစဉ်။

### ငါ ကျွန်လူမျိုးဘဝကနေ – နောက်ဆုံးစခန်း

ယနေ့ ဗမာသက္ကရာဇ် ၁၃၀၉– ခု။ ပြာသိုလဆုတ် ၉ ရက်။ ခရစ်သက္ကရာဇ် ၁၉၄၈– ခု ဇန်နဝါရီလ ၄ ရက် တနင်္ဂနွေနေ့။ အချိန်ကား သုံးနာရီ မိနစ် သုံးဆယ့်ငါး ရှိခဲ့ပြီ။ ငါတို့ ဗမာတစ်မျိုးလုံး ကျွန်ဘဝသည် လာလတံ့သော မိနစ် (၃၅) အတွင်း။ ၄ နာရီ မိနစ် ၂၀ တွင် စခန်းသိမ်း၍ သခင်နိုင်ငံဟူသော ဗမာ့ခေတ်သစ်တွင် ဘဝသစ်သို့ ရောက်ကြကုန်တော့အံ့။

ဤသို့ ဘဝဟောင်းမှ ဘဝသစ်သို့ ကူးပြောင်းအံ့ဆဲအချိန်တွင် ရှေ့က ငါ့ကြောက်စိတ်၊ လန့်စိတ်၊ ကျွန်စိတ်၊ ကျေးစိတ်၊ နိမ့်ကျသော စိတ်ညစ် ဟူသမျှတို့သည် ပွင့်သစ်စ ပန်းကဲ့သို့ လန်းဆန်းစွင့်စွင့် ပွင့်ကြကုန်တော့အံ့။

ဤအချိန်လေးကနေ ငါ့တစ်သက်တာနှင့် မျှသော ဗမာ့ဘဝဇာတ်လမ်းလေးအတိုင်း၊ ဘဝများစွာ အနှစ် ၁၂၀ ကျော် မတိုင်မီခင် ရာဇဝင်ခေတ်အတိုင်း။ ပြန်လှန်မေးငေ့ါမိအခါ ရာဇဝင်တစ်လျှောက်တွင် ဂုဏ်မောက်စရာ ဘဝတာလမ်းတစ်ခွင်မှာ ပျော်ရွှင်အားရ ကြည်နူးနှစ်သိမ့်စရာတွေလည်း ရှိခဲ့။ သူ့ကျွန် လက်အောက်ရောက်ခဲ့သည့် အချိန်မှာလည်း ညိုးငယ်နွမ်းလျ ဗမာ့လောက အဆင်မပြေခဲ့တော့ပေ။ ငါ့တစ်ဘဝတာလေးကို ရာဇဝင်ရေးက လွတ်လပ်ရေးကြိုးပမ်းမှု အရေးတော်စခန်းတွေကား ကြောက်ခမန်း၊ လန့်ခမန်း လမ်းကြမ်းတွေ နှင်ခဲ့ရချည်သာများ...။

ယခုအချိန်သော် ငါနှင့်တကွသော ဗမာ့ဘဝဇာတ်လမ်းသည် ကျွန်လူမျိုးဟူသော နောက်ဆုံးစခန်းသို့ မိနစ်မျှလိုသောအချိန်သို့တိုင် ရောက်ခဲ့ရပြီတကား။ ကျွန်ဘဝနောက်ဆုံးစခန်းမှ ဤမှတ်တမ်းလေးကို ကဗျည်းတင် သားစဉ်မြေးဆက် ရာဇဝင်လေးထားခဲ့လေသည်။

အထက်ဖော်ပြပါစာလေးသည် မြန်မာနိုင်ငံလွတ်လပ်ရေးရရန် ၃၅ မိနစ်အလိုတွင် ရေးခဲ့သော၊ ဥဒါန်းကျူးခဲ့သော ဖြစ်ရပ်မှန်စာလေးဖြစ်သည်။ ရေးခဲ့သောသူမှာလည်း တိုင်းပြည်လွတ်လပ်ရေးရရန်အတွက် ဘဝကိုရင်း၍ အသက်ကိုပေးလှူပြီးပြည်သူကို သူ့ကျွန်ဘဝမှ လွတ်မြောက်စေခဲ့သော စွန့်လွှတ်စွန့်စား တော်လှန်ရေး တပ်သားကောင်း၊ တပ်မတော်သားတစ်ဦး ဖြစ်သည်။

မြန်မာလူမျိုးတို့ကို သူ့ကျွန်ဘဝမှ လွတ်မြောက်စေရန် စတင်ကြိုးစား သန္ဓေတည်ခဲ့သည့် မြေအောက်တော်လှန်ရေးမှ အစပြု၍ လွတ်လပ်ရေးရသည်အထိ ဆယ်စုနှစ်နီးပါး မိဘပစ်၊ မိသားစုပစ်၊ အသက်ကို အရင်းလှူ၍ ကိုယ်တိုင်ပါဝင်ခဲ့သူ ခံစားချက်ကို မိမိလည်း ခံစားမိသည်။

မြေအောက်တော်လှန်ရေး ကာလအတွင်း အသက်ကိုလုရန် ရတာလေးနှင့် မြိန်ယှက်စွာ စားသောက်ကြရင်း အနေဆင်းရဲခြင်းကိုပင် ဂုဏ်သရေရှိ ညစာစားပွဲကို မင်္ဂလာတဲကုတ်လေးအတွင်းဝယ်ဟု တင်စား၍၊ အားတင်း၍၊ အနေပျော်အောင် နေခဲ့ကြပုံများကို ၄–၁–၂၀၂၃ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ၁၉၄၃ ခုနှစ်က ရေးခဲ့သည့် စိန်ရတုတိုင်ခဲ့ပြီ ဖြစ်သော နှစ် ၈၀ ကြာ စာလေးတစ်စောင်၌ ဆောင်းပါးဖော်ပြခဲ့ပြီး ဖြစ်သည်။

### ဝမ်းသာပီတိများဖြင့်

ယခုစာလေးကမူ လွတ်လပ်ရေးရရန် မိနစ်ပိုင်းလေးမျှအလိုတွင် ကိုယ်တိုင်တိုက်ပွဲဝင်ခဲ့သူ တပ်မတော်သား၊ တော်လှန်ရေးတပ်သားကောင်းတစ်ယောက်က မျှော်လင့်ခဲ့သည်ကို ရရှိတော့မည့်အသိဖြင့် ခံစားနေရသော ဝမ်းသာပီတိများဖြင့် မှတ်တမ်းတင်ရေးသားခဲ့သော စာလေးဖြစ်သည်။

မြန်မာတို့ဘဝ အနှစ် ၁၂၀ မကျော်ခင် ရာဇဝင်ခေတ်တွေမှာ သမိုင်းတစ်လျှောက် ဂုဏ်မောက်စွာဖြင့် နေနိုင်ခဲ့ကြသည်မှာလည်း ကြည်နူးစရာများရှိခဲ့သလို သူ့ကျွန်လက်အောက် ကျရောက်နေချိန်မှာ တစ်မျိုးသားလုံး ညှိုးငယ်ခဲ့ရပုံနှင့် သူ့ဘဝတာလေးကို ရာဇဝင်ပြန်လည်ရေးခဲ့လျှင် လွတ်လပ်ရေးရရှိရန် တောစခန်းမှာ ကြိုးစားခဲ့ရသော အခြေအနေများသည် ကြောက်ခမန်း၊ လန့်ခမန်း၊ လမ်းကြမ်းများဟု စာဖွဲ့ထားခြင်းဖြင့် ထိုတိုက်ပွဲဝင်ကာလသည် မည်မျှကြမ်းတမ်းခဲ့ကြောင်း ခံစားတင်ပြထားသည်။

သူ့မှတ်တမ်းရာဇဝင်လေးကို ကမ္ပည်းတင်ထားခြင်းဖြင့် ခေတ်အဆက်ဆက် သားစဉ်မြေးဆက်တို့သည် သူ့ကျွန်ဘဝမှ လွတ်မြောက်အောင် ကြိုးစားခဲ့ရကြောင်းများကို သိရှိပြီး မိမိတို့နိုင်ငံကို အပွန်းအပဲ့မခံဘဲ ဆက်လက်ထိန်းသိမ်းရန် အသိပေး သွေးစည်းထားကြောင်းကို လှပစွာတင်ပြထားသည်။

ထိုကဲ့သို့ ကြမ်းတမ်းသောခရီးများတွင် တစ်ခါတစ်ရံ မိသားစုဝင်များပင် ပါဝင်အသက်စွန့်လှုပ်ရှားမှုများရှိခဲ့သည်။

တပ်စခန်းတစ်နေရာတွင် ညတွင်းချင်း တပ်ဖျောက်နိုင်ရန်၊ ဂျပန်များကို အငြိမ့်ကပြဖျော်ဖြေ ဟန်ပြထားခြင်းဖြင့် လည်းကောင်း၊ ခရာမှုတ်ရန် တာဝန်ကျသည့် ရဲဘော်သည် ခရာကို တပ်ရှိနေသည့်အလား အဆက်မပြတ် မှုတ်ပြနေခြင်းဖြင့်လည်းကောင်း စသည်တို့ဖြင့် ဂျပန်တို့ မရိပ်မိစေရန် အကာအကွယ်များ ပြုလုပ်ခဲ့ရခြင်းများ ရှိခဲ့သည်။

### အသက်စွန့်ခါနီးအချိန်

ရဲဘော်တစ်ယောက် အသက်စွန့်ခါနီးအချိန်ပင် "ဆရာ ကျွန်တော်တို့ လွတ်လပ်ရေးရခါနီးပြီနော်" ဟူသော စကားကိုသာပြောခဲ့နိုင်သည့် အဖြစ်တို့ကြောင့် တပ်မတော်နေ့ရောက်တိုင်း တော်လှန်ရေးမှာ ကျဆုံးခဲ့ရသည့် ရဲဘော်များကို မမေ့နိုင်စေခြင်းများ ဖြစ်စေသည်။

ဤသို့ လွတ်လပ်ရေးရအောင် ကြိုးပမ်းခဲ့ကြရာတွင် မိမိတို့သည် အသက်မသေ၍ ကျန်ခဲ့ကြသော်လည်း အတူတကွ အသက်ပေးစွန့်သွားခဲ့ကြသည့် တော်လှန်ရေး ရဲဘော်များလည်း များစွာရှိခဲ့သည်။

သေအတူ၊ ရှင်မကွာ ကြိုးပမ်းခဲ့ကြရာတွင် အသက်မသေသော်လည်း အချို့တွင် သေရာပါဒဏ်ရာများ ရရှိခဲ့ကြခြင်းများလည်း ရှိကြသည်။ အားမလျှော့၊ ဇွဲရှိသောသူများဖြစ်၍ ထိုအခြေအနေများနှင့်ပင် မိမိတို့နိုင်သည့်နေရာမှ တိုင်းပြည်တာဝန်များကို အသက်ထက်ဆုံး ဆက်လက်ထမ်းဆောင်သွားခဲ့ကြသည်။

အထက်အောက်ရိုသေခြင်း၊ အချင်းချင်းလေးစားချစ်ခင် ရိုင်းပင်းခြင်းများ ရှိကြခြင်းကိုလည်း သိရှိမြင်တွေ့ရသည်။

### စွန့်လွှတ်စွန့်စား

ဤကဲ့သို့ စွန့်လွှတ်စွန့်စား ကြိုးစားပြီးမှ လွတ်လပ်ရေးရရှိခဲ့ပြီးနောက် တိုင်းပြည်ကို ငြိမ်းချမ်းအောင်၊ တည်တံ့အောင်၊ တိုးတက်ကြီးပွားအောင် ဆက်လက်ဆောင်ရွက်ကြရသည်။

သူ့ကျွန်ဘဝမှ သခင်ဘဝသို့ တက်လှမ်းနိုင်ရန် ဖန်တီးခဲ့သည့်ရာဇဝင်ကို ဆက်လက် ပုံဖော်ကြရာတွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန် အရေးသုံးပါးကို အစဉ်အမြဲ အလေးထားခြင်းဖြင့် ရာဇဝင်ကောင်းများကို ဆက်လက်ဖန်တီးနိုင်ကြမည် ဖြစ်သည်။

ကာကွယ်ခြင်းတစ်မျိုး၊ ပျိုးထောင်ခြင်းတစ်ဖုံ၊ ထောင့်မျိုးစုံမှ လိုအပ်သည့်နေရာတွင် ဖြည့်ဆည်းဆောင်ရွက်နေသော တပ်မတော်ကြီးကို (၇၈) နှစ်မြောက် တပ်မတော်နေ့အတွက် လွတ်လပ်ရေးရခါနီး ၃၅ မိနစ်အလိုလေးတွင် ခံစားရေးသားခဲ့သော မှတ်တမ်းတင် ရာဇဝင်လေးကို လက်ဆင့်ကမ်းဖော်ပြခြင်းဖြင့် ဂုဏ်ပြုလိုက်ရပါသည်။ ။

**"မြန်မာတို့ဘဝ အနှစ် ၁၂၀ မကျော်ခင် ရာဇဝင်ခေတ်တွေမှာ သမိုင်းတစ်လျှောက် ဂုဏ်မောက်စွာဖြင့် နေနိုင်ခဲ့ကြသည်မှာလည်း ကြည်နူးစရာများရှိခဲ့သလို သူ့ကျွန်လက်အောက် ကျရောက်နေချိန်မှာ တစ်မျိုးသားလုံး ညှိုးငယ်ခဲ့ရပုံနှင့် သူ့ဘဝတာလေးကို ရာဇဝင်ပြန်လည်ရေးခဲ့လျှင် လွတ်လပ်ရေးရရှိရန် တောစခန်းမှာ ကြိုးစားခဲ့ရသော အခြေအနေများသည် ကြောက်ခမန်း၊ လန့်ခမန်း၊ လမ်းကြမ်းများဟု စာဖွဲ့ထားခြင်းဖြင့် ထိုတိုက်ပွဲဝင်ကာလသည် မည်မျှကြမ်းတမ်းခဲ့ကြောင်း ခံစားတင်ပြထား"**

## ရေဘူးထဲမှ စမ်းရေကြည်

(၁)

❖ မတ်လ၏နေ၊ ပူလွန်းပေ၏
ရွက်ကြွေမြေခါ၊ တံလျှပ်ထရင်း
လတပေါင်းမှာ၊ ကူးပြောင်းခါဝယ်
သွားလာလှုပ်ရှား၊ မောင်စစ်သားတို့
များလှဝန်တာ၊ ထမ်းရွက်ပါသည်
ကာလရှည်ကြာ ရှိခဲ့ပြီ။
ခုနစ်ဆယ့်ရှစ်နှစ်တိုင်တိုင် ကြာခဲ့ပြီ...။

(၂)

❖ တစ်ရက်သောခါ၊ တိုက်ပွဲမှာဖြင့်
ပစ်ဟာခတ်ဟာ၊ တိုက်ခိုက်ကြရင်း
ကျရောက်ပေါက်ကွဲ၊ ဗုံးဆန်ဝဲ၍
ပြေးဆဲလွှားဆဲ၊ ကွင်းပြင်ထဲဝယ်
လဲကျသွားရာ၊ လူငယ်မှာဖြင့်
လွတ်ရာဆွဲထား၊ ဖေးကူသွားရင်း
စစ်သားကြီးမှာ ကျည်ခရှာ.....။

(၃)

❖ သို့ပါသော်ငြား၊ မဲ့မသွားဘဲ
ကြောက်အားပိုသေး၊ လူငယ်လေးအား
**“သားမကြောက်နဲ့၊ ဦးလေးရှိသကွဲ့”**
ရခဲ့ဒဏ်ရာ၊ ပြုစုပါရင်း
မှာလည်းမှာရင်း၊ အန္တရာယ်တွင်းမှ
ချက်ချင်းခေါ်ကာ၊ ပွေ့ထူပါခဲ့
ဘေးမှာချိတ်ဆွဲ၊ ရေဘူးထဲမှ
သောက်ဆဲရေအေး တစ်မော့လေး။
ကြောက်စိတ်ပြေကာ ရင်မှာအေး။

(၄)

❖ ထိုဥပမာအား၊ သဘောထား၍
များစွာဒုက္ခ၊ ရောက်ခဲ့ကြသော်
မိဘမသွေ၊ ပြည်သူတွေကို
ရေအေးအေးလေး၊ မှုတိုက်ကျွေး၍
အရေးကြုံလာ၊ ကူညီပါရင်း
ကျကာချောက်တွင်း၊ မသက်ဆင်းအောင်
ရင်းကာအသက်၊ ပေးဆပ်လျက်ဖြင့်
ဆက်၍ဆက်၍ ချီတက်မည်။
ခုနစ်ဆယ့်ရှစ်မှသည် သက်သေတည်။

**ရဲမင်းစိုး**

(၇၈) နှစ်မြောက်တပ်မတော်နေ့အား ဂုဏ်ပြုလျက်

# သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သမဝါယမစနစ် မွေးမြူရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး




**နေပြည်တော် မတ် ၂၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် မတ် ၂၂ ရက်က တောင်ကြီးမြို့ Green Gold ကော်ဖီစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက်သို့ သွားရောက်အားပေးကြည့်ရှုကာ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ခမ်းရတနာမွေးမြူရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းမှ အသင်းသားအသင်းသူများ၊ ဒေသခံပြည်သူများနှင့် တောင်ကြီးမြို့နယ် နောင်ကားကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ပညာမြင့်မိုရ်ခန်းမ၌ တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူးက ရှမ်းပြည်နယ်အတွင်း မွေးမြူရေးသမဝါယမအသင်းများ ဖွဲ့စည်းဆောင်ရွက်နေမှု အခြေအနေကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက ရှမ်းပြည်နယ်အတွင်း သမဝါယမစနစ်ဖြင့် ဆောင်ရွက်နေသည့် နွား၊ ဝက် မွေးမြူရေးလုပ်ငန်းများ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်၊ ခြံလှောင်စနစ်ဖြင့် စနစ်တကျ မွေးမြူကြရန်၊ နွားစာအတွက် နေဗီယာမြက်များ စိုက်ပျိုးကြရန်၊ စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရန်နှင့် သဘာဝမြေဩဇာများ ရောနှောအသုံးပြုရန် မှာကြားသည်။

ယင်းနောက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ယွန်းလျှံလယ်ယာအထောက်အကူပြုကုမ္ပဏီ တာဝန်ခံတို့က မွေးမြူရေးလုပ်ငန်းနှင့် နွားစာမြက် စိုက်ပျိုးရေးဆိုင်ရာများကို ဆွေးနွေးဟောပြောကြပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်များက ဦးစီးဌာနအလိုက် ဆောင်ရွက်ပေးနေသည့်လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးကြသည်။

နောင်ကားကျေးရွာရှိ ခမ်းရတနာမွေးမြူရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းသည် အသင်းသား ၈၅ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်နေပြီး နွားကောင်ရေ ၄၈၀ နှင့် ဝက်ကောင်ရေ ၂၅၀ မွေးမြူသွားမည်ဖြစ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ကျေးရွာ ခြောက်ရွာနှင့် စိုက်ပျိုးဧက ၃၉၀ အတွက် အကျိုးပြုသော ကတ္တူကျေးရွာအုပ်စု ပန်လွန်ကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းနှင့် ကွန်ကရစ်တံတား တည်ဆောက်ပြီးစီးမှု၊ တောင်ကြီးမြို့နယ်နှင့် ဆီဆိုင်မြို့နယ်အကြား နမ့်တဘက်ချောင်းကူးအုတ်ခုံခံ သစ်သားတံတားအရှည် ၉၅ ပေ တည်ဆောက်မည့်မြေနေရာ၊ ကျေးရွာငါးရွာနှင့် စိုက်ဧက ၆၀၀ ဧကအတွက် အကျိုးပြုသည့် အရှည်ပေ ၂၂၀၀ ရှိ ကျိုင်းခမ်းရွာ ကျေးလက် ကုန်ထုတ်လမ်းနှင့် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော နောင်တောကျေးရွာအုပ်စု လုံကုန်းကျေးရွာ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကာ ဒေသခံများ၏ ဖွံ့ဖြိုးရေး လိုအပ်ချက်များ တင်ပြမှုအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

**သတင်းစဉ်**

## သစ်ပင်စိုက်မှ အရိပ်ရ၏။ ရိပ်ခိုနားနေ အပန်းပြေ၏။

# မြန်မာပြည်တိုက်ပွဲစဉ်များ စာအုပ်ထွက်ပြီ

**နေပြည်တော် မတ် ၂၄**

စာရေးသူ ကိုမြင့်(အင်းတော်)က ၎င်းစာအုပ်ရှေ့မျက်နှာဖုံးတွင် ဒုတိယကမ္ဘာစစ်ကာလက မြန်မာပြည်အား အပြန်အလှန်တိုက်ခိုက်သိမ်းပိုက်ရာ၌ အဓိကပါဝင်ခဲ့ကြသည့် မဟာမိတ် ဗြိတိသျှ-အိန္ဒိယနှင့်၊ အမေရိကန်-တရုတ်တပ်မှူးကြီးများ၊ ဂျပန်တပ်မှူးကြီးများအပြင် BIA နှင့်INA. တပ်မှူးတို့၏ ဓာတ်ပုံများကို ထုတ်နုတ်ဖော်ပြထားသည်။

စာအုပ်နောက်ကျောဖုံးတွင် ၁၉၄၄ ခုနှစ်က မြောက်ပိုင်းစစ်မျက်နှာနှင့် အင်ဖာ - ကိုဟီးမားစစ်မျက်နှာတို့အတွက် အုပ်ချုပ်ထောက်ပံ့မှုဆောင်ရွက်ပေးမည့် ဂျပန်တပ်ဖွဲ့များက သူ့၏ မွေးရပ်ဒေသတွင် အခြေပြုနေစဉ် ၎င်းတို့ကိုတိုက်ခိုက်ရန် အင်းတော်ချောင်းအားချင်းဒစ်စစ်ကြောင်းတစ်ခုဖြတ်ကူးနေသည့် Internet ပန်းချီဓာတ်ပုံကိုလည်း တွေ့မြင်ရမည်ဖြစ်သည်။

Burma Road (ဗမာ လမ်းမကြီး) ကို ပိတ်ဆို့နိုင်ရေးအတွက် ဂျပန်တို့ မြန်မာပြည်ကိုကျူးကျော်သိမ်းပိုက်ရန် ရည်ရွယ်ဆောင်ရွက်လာသကဲ့သို့ပင် ၎င်းလမ်းမကြီးကို ကာကွယ်ရန်နှင့် နောက်ပိုင်းတွင် လီဒိုလမ်းဖောက်လုပ်၍ ဗမာလမ်းမကြီးကိုချိတ်ဆက်ကာ တရုတ်ပြည်သို့ စစ်လက်နက်ပစ္စည်းများ ဆက်လက်ပို့ဆောင်ရန်အတွက် အမေရိကန်နှင့် တရုတ်တပ်များ ပါဝင်ပတ်သက်လာခဲ့ကြသည်ကိုလည်း တွေ့ရှိရမည်ဖြစ်သည်။

တိုက်ပွဲစဉ်များတွင် ပါဝင်ပတ်သက်ခဲ့ကြသည့် ဗြိတိသျှ၊ အမေရိကန်၊ အိန္ဒိယ၊ တရုတ်၊ ယိုးဒယား(ထိုင်း)၊ ဂျပန်နိုင်ငံတို့သည် ၎င်းတို့၏ အမျိုးသားနိုင်ငံရေးအတွက် ပါဝင်ပတ်သက်ခဲ့ကြသည်ကိုလည်း တွေ့ရှိရမည်ဖြစ်ပြီး မြန်မာ့တပ်မတော်နှင့် ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းမှုဖြစ်စဉ်များ ပေါ်ပေါက်ခဲ့ရသည့် အကြောင်းအရာများ







ကိုလည်း ခန့်မှန်းတွေ့ရှိကြရမည်ဖြစ်သည်။ ဤစာအုပ်တွင် ဓာတ်ပုံ၊ မြေပုံနှင့် ဇယားကားချပ်များ အတော်အသင့်ပြည့်စုံစွာဖော်ပြထားသဖြင့် ရည်ညွှန်းစာစောင်များကိုပါ လေ့လာသွားကြမည်ဆိုပါက အကြောင်းအရာများကို အကျယ်တဝင့် သိရှိသွားနိုင်ကြမည်ဖြစ်ပြီး Google(Internet) နှင့်ဆက်လက် ဖတ်ရှုလေ့လာနိုင်သည့် မြန်မာ(စာတမ်း) စာအုပ်ဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်သည်။

စာရေးသူအနေဖြင့် ဗြိတိသျှ၊ အမေရိကန်၊ တရုတ်နှင့် ဂျပန်တပ်မတော်တို့၏ ရုပ်သံမှတ်တမ်းများကိုလည်း ပါဝါပွိုင့်တွင်ထည့်သွင်း၍ စာအုပ်ပါအကြောင်းအရာများကို စိတ်ဝင်စားသူများအတွက် ထပ်မံပြုစုပေးထားသဖြင့် လိုအပ်လျှင်ဆက်သွယ်ရယူနိုင်ပြီး စာအုပ်များကို အမှတ် (၁၇၀) (မြေညီထပ်)၊ ၃၇ လမ်း၊ ကျောက်တံတား မြို့နယ်၊ ဆန်းဆင့်မင်းစာပေတိုက်၊ ဖုန်း - ၀၉၅၅၀၂၃၅၄ နှင့် ၀၉၄၂၀၂၇၄၇၅၈ တို့သို့ ဆက်သွယ် ဝယ်ယူနိုင်ပြီဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် မတ် ၂၄**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ သာသနာ့ပါလ(မြိတ်)ကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဓမ္မလောကကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ နိကာယစာသင်တိုက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ရှိ ပညာရာမပရိယတ္တိစာသင်တိုက်၊ မင်္ဂလာဒုံမြို့နယ်ရှိ သဲအင်းဂူကျောင်းတိုက်နှင့် သဃ်န်းကျွန်းမြို့နယ်ရှိ ကျိုက္ကဆံပထမရွှေကျင်ကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ ဓာတုဝိဇ္ဇာကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ သာသနဝိပုလာရာမကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ တောင်ဆင်တဲကျောင်းတိုက်နှင့် ပြည်ကြီးတံခွန်မြို့နယ်ရှိ ပြည်လုံးချမ်းသာပရဟိတမိဘမဲ့ကျောင်းတိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ သာသနာ့ရံသီပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ်တောင်ကြီးမြို့နယ်ရှိ ဘုရားကြီး အနောက်ကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိအေးချမ်းမြေကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## မြန်မာမျက်မြင်စစ်ဆေးရေးအဖွဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သွားရောက်၍ နေရပ်စွန့်ခွာသူများ၏ မိသားစုဝင်များဟုဆိုသူများကို တွေ့ဆုံမေးမြန်းခဲ့



**နေပြည်တော် မတ် ၂၄**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရခိုင်ပြည်နယ်ဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးအောင်မျိုး ဦးဆောင်သော အဖွဲ့ဝင် ၁၇ ဦးပါ မျက်မြင်စစ်ဆေးရေးအဖွဲ့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ တက္ကနာ့ဖ်မြို့သို့ မတ် ၁၅ ရက်မှ ၂၂ ရက်အထိ သွားရောက်ခဲ့သည်။

ရှေ့ပြေး စမ်းသပ်စီမံကိန်းဖြင့် ပြန်လည်လက်ခံရန် လျာထားသည့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအနေဖြင့် မိသားစုလိုက် ပြန်လည်ဝင်ရောက်လိုကြောင်း မေတ္တာရပ်ခံလာသည့်အတွက် မြန်မာနိုင်ငံအစိုးရနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရတို့အကြား ညှိနှိုင်းဆောင်ရွက်မှုဖြင့် ကျန်ရှိသည့် မိသားစုဝင်များကို စိစစ်နိုင်ရေးအတွက် မြန်မာဘက်က မျက်မြင်စစ်ဆေးရေးအဖွဲ့အား ယခုကဲ့သို့ စေလွှတ်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါ မျက်မြင်စစ်ဆေးရေးအဖွဲ့သည် နေရပ်စွန့်ခွာသူများ၏ ဆက်စပ်မိသားစုဝင်ဟုဆိုသူ ၄၈၀ ကျော်ကို တက္ကနာ့ဖ်မြို့တွင် တွေ့ဆုံခဲ့ပြီး ၎င်းတို့ မြန်မာနိုင်ငံတွင် နေထိုင်ခဲ့ကြောင်း အထောက်အထားများ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ထပ်မံမွေးဖွားသည့် ကလေးများ၏ အချက်အလက်များကို မေးမြန်းရယူခဲ့ကာ မြန်မာဘက်ရှိသက်ဆိုင်ရာ ကော်မတီများထံ တင်ပြ၍ လိုအပ်သည့်လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်ခြားစောင့်တပ်ဖွဲ့များအကြား တပ်ရင်းမှူးအဆင့် အလံတင်အစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၂၄**

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်ခြားစောင့်တပ်ဖွဲ့များအကြား တပ်ရင်းမှူးအဆင့် အလံတင်အစည်းအဝေးကို မတ် ၂၀ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် မြန်မာနိုင်ငံဘက်ခြမ်း မောင်တောမြို့ အမှတ် (၁) လူဝင်/ထွက်စစ်ဆေးရေးစခန်း (POE) ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၂) နယ်ခြားစောင့် ရဲတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ကျော်နိုင်စိုး ဦးဆောင်သော ကိုယ်စားလှယ် ၁၁ ဦးနှင့် အမှတ်(၃၄) ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်(ကော့စ်ဘဇ္ဇား)၊ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး Muhammad Saiful Islam Chowdhury ဦးဆောင်သော ကိုယ်စားလှယ် ၁၅ ဦး အဖွဲ့တို့ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် မြန်မာဘက်က မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်စပ်ဒေသတွင် လက်ရှိလုံခြုံရေးဆိုင်ရာကိစ္စ၊ နယ်စပ်ဒေသ၌ တရားမဝင်ခိုးဝင်မှုများနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများ တားဆီးနှိမ်နင်းရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်ကလည်း နှစ်နိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့များအကြား ပူးတွဲကင်းလှည့်ရေးဆိုင်ရာ ကိစ္စ၊ တပ်ရင်းမှူးအဆင့်အပြင် တပ်ခွဲမှူး၊ ကင်းစခန်းမှူးအဆင့်အလိုက် အလံတင် အစည်းအဝေး/နှစ်ဖက်တွေ့ဆုံရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့များအကြား တပ်ရင်းမှူးအဆင့် အလံတင် အစည်းအဝေးသည် မွန်းလွဲ ၁ နာရီ ၅ မိနစ်အချိန်တွင် ပြီးဆုံးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်




## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မတ် ၂၄**

ထူးခြားသည့် နေ့အပူချိန်များမှာ ပြည်မြို့နှင့် ဖားဆောင်းမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီနှင့် ချောက်မြို့၊ အောင်လံမြို့၊ ရွှေကျင်မြို့နှင့် ဘော်လခဲမြို့တို့တွင် ၃၉ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မြောက်ဦးမြို့တွင် ၀ ဒသမ ၃၅ လက်မ၊ မချမ်းဘောမြို့တွင် ၀ ဒသမ ၂၀ လက်မနှင့် ပူတာအိုမြို့တွင် ၀ ဒသမ ၁၆ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

# ဂျပန်နိုင်ငံရှိ စူပါမားကတ်များ၌ ရှစ်လအတွင်း ပထမဆုံးအကြိမ် ရောင်းအားကျဆင်း

တိုကျို မတ် ၂၄

ဂျပန်နိုင်ငံ၌ စားသောက်ကုန်ဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့် စူပါမားကတ်ရောင်းချမှုမှာ ဖေဖော်ဝါရီလတွင် ရှစ်လအတွင်း ပထမဆုံးအကြိမ် ကျဆင်းခဲ့ကြောင်း သိရသည်။




ပြီးခဲ့သည့်လက စတိုးဆိုင်ကြီးများတွင် စုစုပေါင်း ယန်း ၁ ထရီလီယံခန့် (ဒေါ်လာ ၇ ဒသမ ၆ ဘီလီယံခန့်) ရောင်းချရကြောင်း ဂျပန်ဆိုင်ခွဲ အရောင်းဆိုင်များအသင်းက ပြောကြားသည်။

အဆိုပါ ပမာဏမှာ အစောပိုင်းနှစ်ကထက် ၂ ရာခိုင်နှုန်း လျော့နည်းသွားကြောင်း သိရသည်။ စုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းခန့်မှာ စားသောက်ကုန်ပစ္စည်းများ၏ ရောင်းအားဖြစ်ပြီး ယင်းမှာ ၁ ဒသမ ၇ ရာခိုင်နှုန်းလျော့ကျသွားကြောင်း၊ သို့သော်လည်း ကိုဗစ်-၁၉ ကူးစက်မှု လျော့နည်းလာသဖြင့် လူများ အပြင်ပိုထွက်လာခြင်းကြောင့် အဝတ်အထည်များနှင့် အလှကုန်များ ရောင်းအားတိုးလာကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# အာဖဂန်နစ္စတန်မြောက်ပိုင်း၌ ရုတ်တရက်ရေလွှမ်းမိုးမှုကြောင့် နေအိမ်နှင့် လယ်ယာမြေများပျက်စီးဆုံးရှုံး

ကဘူးလ် မတ် ၂၄

မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် ရေကြီးမှုတို့ကြောင့် အာဖဂန်နစ္စတန်မြောက်ပိုင်း၌ နေအိမ်နှင့် လယ်ယာမြေများ ပျက်စီးဆုံးရှုံးခဲ့ရသည်ဟု ပြည်နယ်ရဲဌာနမှ ပြောရေးဆိုခွင့်ရှိသူ မိုဟာမက် အဆစ်ဝါဇီရီက မတ် ၂၄ ရက်တွင် ပြောသည်။

မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် မတ်လ ၂၃ ရက်တွင် ရေကြီးမှုဖြစ်ပေါ်စေခဲ့ပြီး ဘော့ခ်ပြည်နယ်မြောက်ပိုင်းရှိ နေအိမ် ၃၀၀ ကျော်နှင့် လယ်ယာမြေဧက ၃၀၀၀ ပျက်စီးခဲ့ရသည်ဟု ဝါဇီရီက သတင်းထောက်များကို ပြောသည်။ ထို့ပြင် ရေကြီးမှုကြောင့် ဇာရီခရိုင်မှ ကျွဲ နွားများ သေဆုံးခဲ့ရသည်ဟု ၎င်းက ဆက်ပြောသည်။



လူသေကျေပျက်စီးမှုသတင်းများကိုမူ မသိရသေးပေ။ ရေဘေးဒုက္ခသည်မိသားစုများကို ကူညီရန်အတွက် ကယ်ဆယ်ရေးအဖွဲ့များကို စေလွှတ်ထားသည်ဟုလည်း အာဏာပိုင်များက ပြောသည်။ ထို့ပြင်ရေကြီးမှုကြောင့် ဇာဘူလ်ပြည်နယ် မြို့တော်ကာလတ်နှင့် နိုင်ငံတောင်ပိုင်းရှိ အခြားသောခရိုင် ခုနစ်ခုတို့ ဆက်သွယ်ထားသည့်လမ်းများမှာလည်း ပျက်စီးခဲ့ရသည်။

လာမည့် ရက်များအတွင်း အာဖဂန်နစ္စတန်နိုင်ငံရှိ ပြည်နယ် ၃၄ ခုအနက် ၂၀ တွင် မိုးရွာသွန်းမှုနှင့် ရေကြီးမှုများ ဖြစ်ပေါ်နိုင်သည်ဟု အာဖဂန်နစ္စတန် မိုးလေဝသဌာနမှ ခန့်မှန်းထားသည်။

**ဆင်ဟွာ**

# ယူဂန္ဒာနိုင်ငံသို့ ဝင်ရောက်လာသည့် ခရီးသွားများအတွက် ကိုဗစ်-၁၉ စစ်ဆေးထားသည့် လက်မှတ်များပြသမှုကို ဖြေလျှော့ပေး

ကမ်ပါလာ မတ် ၂၄

ယူဂန္ဒာနိုင်ငံ၌ ခရီးသည်များ အင်တက်ဘီ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် ကိုဗစ်-၁၉ စစ်ဆေးထားသည့် လက်မှတ်များ ပြသရန်မလိုတော့ကြောင်း ယူဂန္ဒာနိုင်ငံ၏ လေကြောင်းအာဏာပိုင်က ပြောကြားသည်။

အဆိုပါမူဝါဒသစ်မှာ မတ် ၇ ရက်မှစကာ အသက်ဝင်ကြောင်း ယူဂန္ဒာမြို့ပြလေကြောင်း အာဏာပိုင်အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဗီယန်နီ လာ့ဂါယာက မတ် ၂၃ ရက်က ထုတ်ပြန်ချက်တွင် ပြောကြားသည်။

ရောက်ရှိလာသည့် ခရီးသည်များအတွက် ကိုဗစ်-၁၉ လက်မှတ်များ လိုအပ်ချက်ကို ဖြေလျှော့ပေးကြောင်း အင်တက်ဘီအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ခရီးသည်များကို သတိပေးထားကြောင်း လာ့ဂါယာက ပြောသည်။

**ဆင်ဟွာ**



အင်တက်ဘီ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသွားများကို တွေ့ရစဉ်။

# ကိုလံဘီယာနိုင်ငံ၌ အကြမ်းဖက်မှုဒဏ်ခံစားရပြီး အကူအညီလိုအပ်နေသူ လူပေါင်း ၇ ဒသမ ၇ သန်းရှိ

ဂျီနီဗာ မတ် ၂၄

ကိုလံဘီယာနိုင်ငံ၌ အကြမ်းဖက်မှုများကြောင့် ထိခိုက်ခံစားနေရပြီး အကူအညီလိုအပ်နေသူပေါင်း ၇ ဒသမ ၇သန်းအထိ တိုးလာသည်ဟု ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းက မတ် ၂၃ ရက်တွင် ပြောသည်။

ပြီးခဲ့သည့်နှစ်အတွင်း အကူအညီလိုအပ်သည့် လူဦးရေ ၄၀ ရာခိုင်နှုန်းမှာ တိုင်းရင်းသားအသိုင်းအဝိုင်းမှဖြစ်ပြီး ၎င်းတို့မှာ နိုင်ငံ၏ စုစုပေါင်းလူဦးရေ ၅၂ သန်းတွင် ၄ ရာခိုင်နှုန်းရှိသည်ဟု ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးမှ ပြောသည်။

တိုင်းရင်းသားအသိုင်းအဝိုင်းနှင့် အက်ဖရို-ကိုလံဘီယန်တို့မှ လူဦးရေ ၂၅၀၀၀ ကျော်မှာ ယခုနှစ်အစောပိုင်းမှစတင်ကာ အကြမ်းဖက်မှုအန္တရာယ်များနှင့် အတင်းအကျပ်နေရာရွှေ့ပြောင်းစေမှုတို့ကြောင့် နေရပ်စွန့်ခွာခဲ့ရကြောင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာရုံးမှ ပြောသည်။

အစိုးရနှင့် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးတို့ ပူးပေါင်း၍ ယခုလအစောပိုင်းက အမျိုးသမီးများ၊ ကလေးများ၊ မသန်စွမ်းများနှင့် တိုင်းရင်းသားများ အပါအဝင် လူပေါင်း ၁ ဒသမ ၆ သန်းထံ အကူအညီရောက်ရှိစေမည့် အမေရိကန်ဒေါ်လာ ၂၈၃ သန်းတန် လူသားချင်းစာနာမှုဆိုင်ရာ အစီအစဉ်ကို ပြုလုပ်ခဲ့သည်။

**ဆင်ဟွာ**

# ဗီယက်နမ်နိုင်ငံ၌ ဝယ်လိုအားကျဆင်းနေသော်လည်း သံမဏိဈေးမြင့်တက်

ဟန္နိုင်း မတ် ၂၄

ဗီယက်နမ်နိုင်ငံ၌ အခြေခံတည်ဆောက်ရေးစီမံကိန်းများနှင့် အိမ်ခြံမြေဈေးကွက်တွင် အဝယ်အေးနေသော်လည်း ဆောက်လုပ်ရေးသုံး သံမဏိဈေးမှာမူ မြင့်တက်နေဆဲဖြစ်သည်ဟု ဈေးကွက်စောင့်ကြည့်သူများ၏ ပြောကြားချက်အရ သိရသည်။

မြို့တော်ဟန္နိုင်း၌ သံမဏိ ၁ တန်ဈေးမှာ အမေရိကန်ဒေါ်လာ ၇၆၂ ဒေါ်လာ ရှိပြီး ယင်းဈေးနှုန်းမှာ ၂၀၂၂ ခုနှစ် အလယ်ပိုင်းဈေးတက်စဉ်က ဈေးနှုန်းနားသို့ ချဉ်းကပ်နေပြီဟု ဒေသတွင်းသတင်းစာ ဗီယက်နမ်သတင်းတွင် မတ် ၂၄ ရက်က ဖော်ပြထားသည်။

ယခုနှစ်အတွက် သံမဏိဈေးနှုန်းမှာ ၂၀၂၂ ခုနှစ်ကကဲ့သို့ ဈေးနှုန်းကြီးမြင့်မှုမရှိသော်လည်း ဈေးမြင့်နေဆဲပင်ဖြစ်သည်။ ဈေးကွက်အတွက် ဝယ်လိုအားမရှိသော်လည်း ဈေးကြီးနေဆဲဖြစ်ကြောင်း သံမဏိလုပ်ငန်းကျွမ်းကျင်သူတစ်ဦးဖြစ်သူ ငုယင်ဗန်ဆူ၏ ပြောကြားချက်ကို ကိုးကားကာ သတင်းစာတွင် ဖော်ပြထားသည်။

ယခုနှစ်အစပိုင်းမှ စတင်ကာ သံမဏိဈေးနှုန်းမှာ ခုနစ်ကြိမ်ဈေးတက်ပြီးဖြစ်ကြောင်း ဒေသခံ သံနှင့်သံမဏိဈေးကွက်ကျွမ်းကျင်သူက ပြောသည်။

**ဆင်ဟွာ**

# အီရန်နိုင်ငံ အနောက်မြောက်ပိုင်း၌ ပြင်းအား ၅ ဒသမ ၆ အဆင့်ရှိ ငလျင်လှုပ်၍ ၈၂ ဦးဒဏ်ရာရရှိ

တီဟီရန် မတ် ၂၄

အီရန်နိုင်ငံ အနောက်မြောက်ပိုင်း၌ မတ် ၂၄ ရက် နံနက်ပိုင်းက ပြင်းအား ၅ ဒသမ ၆ အဆင့်ရှိ ငလျင်လှုပ်ရာ ၈၂ ဦးထက်မနည်း ဒဏ်ရာရရှိကြောင်း အီရန်ကျောင်းသားများသတင်းအေဂျင်စီ (အိုင်အက်စ်အင်န်အေ) က ထုတ်ပြန်ထားသည်။

အဆိုပါငလျင်မှာ အနောက်အဇာဘိုင်ဂျန်ပြည်နယ်ရှိ ခဟိုးဒေသအနီးတွင် ဒေသစံတော်ချိန် နံနက် ၆ နာရီ ၄၆ မိနစ်တွင် လှုပ်ပြီး ငလျင်အနက်မှာ ၈ ကီလိုမီတာရှိကြောင်း အီရန်ငလျင်ဗေဒစင်တာ(အိုင်အာအက်စ်စီ) က ထုတ်ပြန်ထားသည်။

ဒဏ်ရာရရှိသူများမှာ ဆယ်မတ်စ်ဒေသတွင် ၇၀ နှင့် ခဟိုးဒေသတွင် ၁၂ ဦးရှိကြောင်း အနောက်အဇာဘိုင်ဂျန်ပြည်နယ် အကျပ်အတည်းဆိုင်ရာ စီမံခန့်ခွဲမှုဌာနမှ ညွှန်ကြားရေးမှူးချုပ် အမီယာအာဘစ်ဂျဖာရီက ပြောကြားသည်။ ပြီးခဲ့သည့် ဇန်နဝါရီလကလည်း ခဟိုးဒေသတွင် ပြင်းအား ၅ ဒသမ ၉ အဆင့်ရှိ ငလျင်လှုပ်ခဲ့ရာ သုံးဦးသေဆုံးပြီး ၈၀၀ ကျော် ဒဏ်ရာရရှိကြောင်း သိရသည်။

**ဆင်ဟွာ**

## ဒုတိယဝန်ကြီး ဦးအေးထွန်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီးအား ဖူးမြော်၍ သာသနာရေးဆိုင်ရာများလျှောက်ထား၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း အစိုးရဓမ္မာစရိယစာဖြေသံဃာတော်များကို ဖူးမြော်ကြည်ညို

ရန်ကုန် မတ် ၂၄

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာနာယကကျောင်းတော်ကြီးသို့ သွားရောက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ ဗန်းမော်ဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသအား ဖူးမြော်ကြည်ညို၍ ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ ကျန်းမာရေးဆေးစစ်ရန်ကြွရောက်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ လျှောက်ထားပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ၂၀၂၃ ခုနှစ် အစိုးရဓမ္မာစရိယ စာမေးပွဲကျင်းပလျက်ရှိသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စမ်းချောင်းမြို့နယ် စာဖြေဌာနဖြစ်သည့် အ.ထ.က (၂) သို့လည်းကောင်း၊ အင်းစိန်မြို့နယ် စာဖြေဌာနဖြစ်သည့် သီရိမင်္ဂလာ သာသနာ့ဗိမာန်တော် သို့လည်းကောင်း သီလက္ခန္ဓဝဂ္ဂပါဠိအဋ္ဌကထာ (ဒုတိယနေ့) ဖြေဆိုနေကြသည့် စာဖြေသံဃာတော်/ သီလရှင်တို့အား ဖူးမြော်ကြည်ညိုကာ စာဖြေဌာနများအတွက် အလှူတော်ငွေများ ဆက်ကပ်လှူဒါန်းသည်။ ယနေ့ စမ်းချောင်းစာဖြေဌာနတွင် ရဟန်းအပါး ၉၇၀၊ သီလရှင် ၁၉၃ ပါး၊ လူပုဂ္ဂိုလ် နှစ်ဦးနှင့် အင်းစိန်စာဖြေဌာနတွင် ရဟန်း ၁၉၆ ပါး၊ သီလရှင် ၁၉ ပါးတို့ ဖြေဆိုတော်မူကြကြောင်း သိရသည်။

**သတင်းစဉ်**

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဒုတိယဦးစီးမှူးများ ဌာနတွင်းလုပ်ငန်းခွင် မွမ်းမံသင်တန်းအမှတ်စဉ် (၁၆) သင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် မတ် ၂၄

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဒုတိယဦးစီးမှူးများ ဌာနတွင်း လုပ်ငန်းခွင်မွမ်းမံသင်တန်းအမှတ်စဉ် (၁၆) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ရုံးအမှတ် (၅၈) ၌ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းအုံ၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(ယာပုံ)**

ရှေးဦးစွာ ဒုတိယဝန်ကြီး ဦးထွန်းအုံက နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးတွင် လူ့စွမ်းအားအရင်းအမြစ်ကဏ္ဍသည် လွန်စွာအရေးကြီးသည့်အတွက် ဖွံ့ဖြိုးဆဲနိုင်ငံတိုင်းသည် မိမိတို့နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ ကျွမ်းကျင်မှု၊ လေ့ကျင့်ရေးနှင့် အလုပ်အကိုင် နေရာချထားရေးများတွင် ပိုမိုရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လေ့ရှိကြောင်း၊ အဖွဲ့အစည်းတစ်ခုအနေဖြင့် လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ လုပ်ငန်းများကို ကောင်းစွာစနစ်ချ ဆောင်ရွက်ခြင်းမရှိလျှင် ဌာန၏ မြင့်မားသည့်စွမ်းဆောင်ရည်နှင့် ကောင်းမွန်သည့် ရလဒ်ရရှိနိုင်မည်မဟုတ်ကြောင်း၊ ထို့ပြင် ဌာနတွင်းလုပ်ငန်းများ ဆောင်ရွက်ရာ၌လည်း ထိရောက်သွက်လက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရန်နှင့် အရည်အချင်းပြည့်ဝသည့် ဝန်ထမ်းကောင်းများ ပေါ်ထွက်လာစေရန်အတွက် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်မှသာ ဝန်ထမ်းများ၏ စွမ်းရည်တိုးတက်လာခြင်းနှင့်အတူ အရည်အချင်းရှိသည့် ဝန်ထမ်းများ မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း။

သင်တန်းကာလ တစ်လတာအတွင်း သင်ကြားပေးလိုက်သည့် ဘာသာရပ်များသည် အခြေခံမျှသာဖြစ်ပြီး လက်တွေ့နယ်ပယ်တွင် တာဝန်ထမ်းဆောင်ကြသည့်အခါ ကြုံတွေ့ရမည့် မြေပြင်အခြေအနေနှင့် အခက်အခဲများကို အောင်မြင်စွာ ကျော်လွှားနိုင်ရန်အတွက် စာတွေ့၊ လက်တွေ့နှင့် အတွေ့အကြုံဗဟုသုတများပေါင်းစပ်ပြီး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဘာသာရပ်များသည် ကျယ်ပြန့်သည့်အတွက် သင်တန်းသားများအနေဖြင့် စဉ်ဆက်မပြတ် လေ့လာမှတ်သားသင်ယူပြီး ပြောင်းလဲနေသော ပတ်ဝန်းကျင်နှင့်အညီ လိုက်လျောညီထွေရှိအောင် လုပ်ကိုင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရာတွင် အဂတိတရားကင်းရှင်းစွာနှင့် မှန်မှန်ကန်ကန် တာဝန်ကျေပွန်စွာ ထမ်းဆောင်သွားကြရန် တိုက်တွန်းပြောကြားသည်။



ဆက်လက်၍ ဒုတိယဝန်ကြီး ဦးထွန်းအုံက စာပေထူးချွန်ဆုရရှိသော သင်တန်းသား သင်တန်းသူများကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးမင်းသူက အဖွဲ့လိုက် ထူးချွန်ဆုရရှိသော သင်တန်းသား သင်တန်းသူများကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့ပြီး မြေတိုင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးဝင်းဖေ တနင်္သာရီတိုင်းဒေသကြီး ထားဝယ် - မောင်းမကန်လမ်း AC ကတ္တရာခင်းခြင်းလုပ်ငန်းပြီးစီးမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂၄

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် ယနေ့နံနက်ပိုင်းက ထားဝယ်-မောင်းမကန်လမ်း AC ကတ္တရာခင်းခြင်း လုပ်ငန်းပြီးစီးမှုနှင့် ထားဝယ်မြို့ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန ထားဝယ်စာကြည့်တိုက် ဆောက်လုပ်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**



ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ၁၁ မိုင် ၂ ဖာလုံ အရှည်ရှိ ထားဝယ် – မောင်းမကန်လမ်း၌ ၂၀၂၂ –၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း မိုင်(၁/၃ နှင့် ၄/၅) ကြား ၁ မိုင် ၄ ဖာလုံ AC ကတ္တရာလမ်း ဆောင်ရွက်ပြီးစီးမှုကိုကြည့်ရှုစစ်ဆေးရာ လမ်းဦးစီးဌာန ထားဝယ်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) က လမ်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ထားဝယ် – မောင်းမကန်လမ်းသည် ထားဝယ်နှင့် မောင်းမကန် ကမ်းခြေသို့ ဆက်သွယ်ထားသော လမ်းဖြစ်၍ ပြည်သူများလွယ်ကူစွာ သွားလာနိုင်ရန်နှင့် ထားဝယ် (SEZ) သို့လည်း ထိုလမ်းမှတစ်ဆင့် ဆက်သွယ် သွားလာနိုင်သည့်အတွက်လိုအပ်သောလမ်းပိုင်းများကို ကုန်တင်ယာဉ်များ အသုံးပြုနိုင်သည့် လမ်းအဆင့်အထိ လျာထား ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည်ထားဝယ်စာကြည့်တိုက်သို့ သွားရောက်ခဲ့ရာ တာဝန်ခံအင်ဂျင်နီယာ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) က လုပ်ငန်း ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲ လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်ရန် ကျန်လုပ်ငန်းများကို စီမံချက်ရေးဆွဲဆောင်ရွက်ရန်၊ သတ်မှတ်ချိန်ပြီးစီးရေး၊ လက်ရာသေသပ်ကောင်းမွန်ရေးနှင့် အရည်အသွေးစံချိန်စံညွှန်းပြည့်မီရေး အဆောက်အအုံလွှဲပြောင်းရာတွင် စနစ်တကျမှတ်တမ်းများဖြင့် လွှဲပြောင်းနိုင်ရေး၊ အလေးထားဆောင်ရွက်ရန်မှာကြားပြီး စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေကူမြို့နယ်၌ ပေါင်းနက်ချောင်း ချောင်းကူးတံတားဖွင့်ပွဲ ကျင်းပ

ရွှေကူ မတ် ၂၄

(၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် ရွှေကူမြို့နယ် ပူခိုင်ကျေးရွာ၌ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ်အစိုးရ ရန်ပုံငွေအသုံးစရိတ်ဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် ပေါင်းနက်ချောင်း ချောင်းကူးတံတားဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီက အဆိုပါတံတားပေါ်၌ ကျင်းပသည်။

အခမ်းအနားတွင် ရွှေကူမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ထွန်း၊ အဖွဲ့ဝင် ဦးအောင်နိုင်ညွှန့်၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အင်ဂျင်နီယာ ဦးကျော်မင်းနိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

အဆိုပါတံတားသည် အမြင့် ကိုးပေ၊ အရှည် ၁၈ ပေ၊ အကျယ် ၁၂ ပေရှိ ကျောက်စီကွန်ကရစ်ခင်း ချောင်းကူးတံတားဖြစ်ပြီး ကချင်ပြည်နယ်အစိုးရ၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၇၅ သန်းဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကာ လယ်ဧက ၁၀၀ ကျော်နှင့် ပတ်ဝန်းကျင်ကျေးရွာများကို များစွာ အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## လှိုင်ကော်မြို့ရှိ မွေးမြူရေးခြံများ ပိုးသတ်ဆေးဖျန်း

လှိုင်ကော် မတ် ၂၄

ကယားပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစီး၍ လှိုင်ကော်မြို့အတွင်းရှိ ကြက်၊ ဝက်နှင့် နွားမွေးမြူရေးခြံများအား ပိုးသတ်ဆေးဖျန်းခြင်း ရက်သတ္တပတ်လှုပ်ရှားမှုကို ယမန်နေ့ နံနက်ပိုင်းက လှိုင်ကော်မြို့အတွင်းရှိ ရပ်ကွက် ခုနစ်ရပ်ကွက်နှင့် ကျေးရွာ တစ်ရွာတို့တွင် မွေးမြူထားသော ကြက်၊ ဝက်နှင့် နွားမွေးမြူရေးခြံများအား ပိုးသတ်ဆေးဖျန်းခြင်း လှုပ်ရှားမှုကို ကွင်းဆင်းဆောင်ရွက်သည်။

ဆက်လက်၍ ကျန်ရှိသည့် မွေးမြူရေးခြံများအား ပိုးသတ်ဆေးဖျန်းခြင်းကို မတ် ၂၆ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၈ ဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၇၂) ရာခိုင်နှုန်းရှိ

(၂၄-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၃-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၄-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၂၆၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၈) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်း မှာ (၀.၇၂) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၁၅၀,၅၈၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၄,၀၅၉) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၄) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၄၉၃) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၅-၃-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၂၀ | ၂၁၇၀ | ၂၁၆၅ | ၂၁၃၀ | ၂၁၇၀ | ၂၁၉၅ | ၂၁၈၀ | ၂၁၅၅ | ၂၂၅၅ | ၂၂၇၀ | ၂၁၆၀ | ၂၁၇၀ | ၂၂၁၀ | ၂၂၁၀ | ၂၂၁၀ | ၂၄၄၀ | ၂၈၁၀ |
| 95 Ron | ၂၂၁၅ | ၂၂၆၅ | ၂၂၆၅ | ၂၂၂၅ | ၂၂၆၅ | ၂၂၈၅ | ၂၂၇၀ | ၂၂၅၀ | ၂၃၄၅ | ၂၃၆၅ | ၂၂၅၅ | ၂၂၇၀ | ၂၃၀၀ | ၂၃၀၀ | ၂၃၀၅ | ၂၅၃၅ | ၂၈၈၅ |
| HSD (500 ppm) | ၂၀၇၅ | ၂၁၂၅ | ၂၁၂၀ | ၂၀၈၅ | ၂၁၂၅ | ၂၁၄၅ | ၂၁၄၀ | ၂၁၁၀ | ၂၂၃၀ | ၂၂၂၅ | ၂၁၁၅ | ၂၁၂၅ | ၂၁၆၀ | ၂၁၆၀ | ၂၁၆၅ | ၂၃၉၅ | ၃၁၀၀ |
| HSD (50 ppm) | ၂၁၅၅ | ၂၂၀၅ | ၂၂၀၀ | ၂၁၆၅ | ၂၂၀၅ | ၂၂၂၅ | ၂၂၂၀ | ၂၁၉၀ | ၂၃၁၀ | ၂၃၀၅ | ၂၁၉၅ | ၂၂၀၅ | ၂၂၄၀ | ၂၂၄၀ | ၂၂၄၅ | ၂၄၇၅ | ၃၁၃၀ |
| HSD (10 ppm) | ၂၁၅၅ | ၂၂၀၅ | ၂၂၀၀ | ၂၁၆၅ | ၂၂၀၅ | ၂၂၂၅ | ၂၂၂၀ | ၂၁၉၀ | ၂၃၁၀ | ၂၃၀၅ | ၂၁၉၅ | ၂၂၀၅ | ၂၂၄၀ | ၂၂၄၀ | ၂၂၄၅ | ၂၄၇၅ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၁၄ | ၂၀၈၈ |
| 95 Ron | ၂၁၀၄ | ၂၁၈၀ |
| HSD (500 ppm) | ၁၉၇၃ | ၂၀၄၁ |
| HSD (50 ppm) | ၂၀၄၆ | ၂၁၁၇ |
| HSD (10 ppm) | ၂၀၄၆ | ၂၁၁၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ရမည်းသင်းခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေး သင်တန်းဖွင့်

ရမည်းသင်း မတ် ၂၄

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်း (၁/၂၀၂၃) ဖွင့်ပွဲကို မတ် ၂၂ ရက်က ရမည်းသင်းမြို့ သီလဝခန်းမ၌ ပြုလုပ်သည်။

ရှေးဦးစွာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူက သင်တန်းဖွင့်လှစ်ရခြင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့် တက်ရောက်လာကြသူများက ခင်းကျင်းပြသထားသော ရှာဖွေကယ်ဆယ်ရေးသုံး ခေတ်မီစက်ပစ္စည်းကိရိယာများကို ကြည့်ရှုလေ့လာကြသည်။

သင်တန်းသို့ သင်တန်းသား ၅၀ တက်ရောက်ပြီး မတ် ၂၂ ရက်မှ ဧပြီ ၃ ရက်အထိ ရမည်းသင်းခရိုင် မီးသတ်ဦးစီးဌာနရုံး၌ ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ နည်းပညာရပ်များကို စာတွေ့လက်တွေ့သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်ဝင်းအောင်(ခရိုင်ပြန်/ဆက်)**

# ဥပဒေပြုရေးဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲများအပေါ်လေ့လာခြင်း (အိုက်စလန်နိုင်ငံ)

ထက်လင်း (ဦးရာဇ်မြီ)




၂၀၂၁ ခုနှစ်က အိုက်စလန်နိုင်ငံ၏ ပါလီမန်ရွေးကောက်ပွဲကျင်းပမှုနှင့် ယှဉ်ပြိုင်သည့်ပါတီများ။

### နိုင်ငံသမိုင်းအကျဉ်း
### (တည်နေရာ၊ အကျယ်အဝန်း၊ လူဦးရေ)

အိုက်စလန်နိုင်ငံသည် မြောက်အတ္တလန္တိတ်နှင့် အာတိတ်သမုဒ္ဒရာတို့ဆုံရာဖြစ်သော ဂရင်းလန်း၏ အရှေ့ဘက်နှင့် အာတိတ်စက်ဝိုင်း၏ တောင်ဘက်၊ စကော့တလန်မှ ကီလိုမီတာ ၈၆၀ (မိုင် ၅၃၀) နှင့် နယူးယောက်စီးတီးမှ ကီလိုမီတာ ၄၂၀၀ (မိုင် ၂၆၀၀) ကွာဝေးသော မြောက်အတ္တလန္တိတ် သမုဒ္ဒရာတွင် တည်ရှိသည့် ကျွန်းနိုင်ငံတစ်ခုဖြစ်သည်။ ဥရောပ တိုက်၏ အနောက်ဘက်အကျဆုံး နိုင်ငံတစ်နိုင်ငံ ဖြစ်ပြီး နိုင်ငံ့ဧရိယာမှာ ၁၀၃၁၂၅ စတုရန်းကီလိုမီတာ (၃၉၈၁၇ စတုရန်းမိုင်) ကျယ်ဝန်းသည်။ ကမ္ဘာ့ကုလသမဂ္ဂ၏ ၁-၇-၂၀၂၂ ရက်နေ့ စာရင်းဇယားများအရ အိုက်စလန်နိုင်ငံ၏ လူဦးရေမှာ ၃၇၂၈၉၉ ဦး ရှိသည်ဟု ခန့်မှန်းထားပါသည်။ အိုက်စလန်နိုင်ငံသည် စကင်ဒီနေးဗီးယားနိုင်ငံဖြစ်ပြီး ကမ္ဘာပေါ်တွင် ရေးအကျဆုံး ဒီမိုကရေစီနိုင်ငံဖြစ်၍ ခေတ်မီသော နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ အခြေချနေထိုင်သူ ၆၀ မှ ၈၀ ရာခိုင်နှုန်းကြားသည် နော်ဝေနိုင်ငံ (Nodic Stock – ဥရောပမြောက်ပိုင်း၊ ဂျာမန်မျိုးနွယ်စပ် စကင်ဒီနေးဗီးယားနိုင်ငံများ) မှ လူမျိုးများဖြစ်ပြီး အခြားကျန်ရှိသော ရာခိုင်နှုန်းများမှာမူ စကော့တလန်နှင့် အိုင်ယာလန်တို့မှ ယင်းလူမျိုး ( Celtic Stock) များဖြစ်ကြသည်။

### အစိုးရဖွဲ့စည်းမှု

အိုက်စလန်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပါတီစုံစနစ်ဖြင့် တည်ထောင်ထားရှိသော သမ္မတနိုင်ငံဖြစ်သည်။ နိုင်ငံ၏အကြီးအကဲနှင့် ဦးသျှောင်မှာ သမ္မတဖြစ်သည်။ သမ္မတကို လူထုကတိုက်ရိုက် မဲပေးသည့်စနစ်ဖြင့် ရွေးချယ်တင်မြှောက်သည်။ သမ္မတ၏ တစ်ကြိမ်သက်တမ်းမှာ လေးနှစ်ဖြစ်ပြီး သက်တမ်းအကြိမ်ရေ အကန့်အသတ်မရှိ ဝင်ရောက်ရွေးချယ်ခံ တာဝန်ထမ်းဆောင်နိုင်သည်။ ပါလီမန်လွှတ်တော်တွင် ကိုယ်စားလှယ်နေရာ ၆၃ နေရာရှိသည့်အတွက် ၃၂ နေရာအထက် ရရှိအောင်စုဖွဲ့နိုင်သော ကိုယ်စားလှယ်နေရာအများဆုံး ရရှိသည့် ပါတီများကသာ ညွန့်ပေါင်းအစိုးရအဖွဲ့ကို ဦးဆောင် ဖွဲ့စည်းနိုင်သည်။ ရွေးကောက်ပွဲတစ်ခုပြီး တိုင်းသမ္မတသည် နိုင်ငံရေးပါတီတစ်ခု၏ ခေါင်းဆောင်တစ်ဦးအား အစိုးရအဖွဲ့ဖွဲ့ရန် အခွင့်အာဏာပေးလေ့ရှိပြီး များသောအားဖြင့် အကြီးဆုံးပါတီခေါင်းဆောင်မှ စတင်သည်။ မအောင်မြင်ပါက အစိုးရဖွဲ့ရန် နောက်ထပ် နိုင်ငံရေးပါတီခေါင်းဆောင်တစ်ဦးကို တောင်းဆိုနိုင်သည်။ သမ္မတသည် ဝန်ကြီးချုပ်နှင့် ဝန်ကြီးအဖွဲ့ကို ပါလီမန် (Althingi) ၏ သဘောတူညီချက်ဖြင့် ခန့်အပ်သည်။

ဝန်ကြီးအဖွဲ့သည် အထွေထွေရွေးကောက်ပွဲ ကျင်းပခြင်း သို့မဟုတ် အစိုးရသစ် မဖွဲ့မချင်း ဆက်လက်အာဏာရှိနေမည် ဖြစ်ပါသည်။ အဆိုပါ ဝန်ကြီးများသည် ပါလီမန် (Althingi) လွှတ်တော် အစည်းအဝေးသို့ တက်ရောက်နိုင်သော်လည်း ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များကဲ့သို့ မဲပေးခွင့်မရှိပါ။

ကက်ဘိနက် (Cabinet) အစည်းအဝေးသို့ အစိုးရဝန်ကြီးများအားလုံး တက်ရောက်ကြရပြီး လွှတ်တော်ကာလအတွင်း အစည်းအဝေးကို နှစ်ပတ်တစ်ကြိမ်ကျင်းပသည်။ အဆိုပါအစည်းအဝေးများတွင် အစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် အစိုးရကိစ္စရပ်များ၊ အစိုးရဥပဒေမူကြမ်းများနှင့် ပါလီမန်သို့ တင်သွင်းရန် ရည်ရွယ်ထားသည့်အဆိုပြုချက်များကို ဆွေးနွေးကြသည်။ ပါလီမန်အစည်းအဝေး စတင်သည့်အခါ အစိုးရအဖွဲ့သည် ၎င်း၏လုပ်ငန်း အစီအစဉ်များကို တင်ပြကြရပါသည်။ နိုင်ငံတော်ကောင်စီကို သမ္မတနှင့် ဝန်ကြီးများ (Cabinet) အဖွဲ့ဖြင့် ဖွဲ့စည်းပြီး နိုင်ငံတော်သမ္မတက သဘာပတိအဖြစ် ဆောင်ရွက်သည်။ နိုင်ငံတော်ကောင်စီ အစည်းအဝေးများတွင် ဥပဒေအသစ်နှင့် အခြားအရေးကြီးသော အစိုးရလုပ်ဆောင်ချက်များကို နိုင်ငံတော်သမ္မတထံဝန်ကြီးများက တာဝန်ယူရှင်းလင်းတင်သွင်းကြရသည်။

အိုက်စလန်ရှိ ဒေသန္တရအစိုးရသည် မူလတန်းပညာရေး၊ မြူနီစီပယ်ဝန်ဆောင်မှုများနှင့် လူမှုရေး အစီအစဉ်များကို စီမံခန့်ခွဲခြင်းအတွက် အဓိကတာဝန်ရှိသည်။ နိုင်ငံကို ပြည်နယ် ၁၇ ခု (Syslu) ဖြင့် ပိုင်းခြားပြီး အဆိုပါပြည်နယ်များကို ၁၀၀ ထက်နည်းသော မြူနီစီပယ်များဖြင့် ထပ်မံပိုင်းခြားထားသည်။ စည်ပင်သာယာရေးအဖွဲ့တစ်ခုစီသည် ရွေးကောက်ခံကောင်စီမှတစ်ဆင့် ဒေသဆိုင်ရာကိစ္စရပ်များကို စီမံခန့်ခွဲသည်။

### အာဏာခွဲဝေကျင့်သုံးမှု

သမ္မတနှင့် ပါလီမန်လွှတ်တော် (Althingi) သည် အုပ်ချုပ်ရေးအာဏာကို ပူးတွဲကျင့်သုံးပြီး သမ္မတ၏အာဏာသည် အနောက်ဥရောပဒီမိုကရေစီနိုင်ငံများရှိ အခြားနိုင်ငံ့ခေါင်းဆောင်များနှင့် ဆင်တူသည်။ တရားစီရင်ရေးအာဏာသည် တရားရုံးချုပ်၊ အယူခံတရားရုံးနှင့် ခရိုင်တရားရုံးတို့၌ တည်ရှိသည်။ တရားစီရင်ရေးတွင် တရားရုံးချုပ်နှင့်အောက်တရားရုံးများပါဝင်ပြီး အများစုမှာ အရပ်ဘက်နှင့် ရာဇဝတ်မှု နှစ်ခုစလုံးကို ကြားနာသည့်စနစ်ဖြစ်သည်။ အမှုများကို ခန့်အပ်ထားသော တရားသူကြီးများက ကြားနာဆုံးဖြတ်သည့်စနစ်ဖြစ်ပြီး ဂျူရီစနစ်မကျင့်သုံးပါ။ အိုက်စလန်၏ ဥပဒေပြုရေးအာဏာကို ပါလီမန်လွှတ်တော် (Althingi) ကသာလျှင် ကျင့်သုံးဆောင်ရွက်နိုင်သည်။

### လွှတ်တော်ဖွဲ့စည်းပုံနှင့် သက်တမ်း

အိုက်စလန်ရှိ ပါလီမန်လွှတ်တော် (Althingi) သည် ကမ္ဘာပေါ်တွင် ရေးအကျဆုံးဥပဒေပြုလွှတ်တော်များထဲမှ တစ်ခုဖြစ်ပြီး ပါလီမန်ကို ဖျက်သိမ်းပြီးနောက် ရွေးကောက်ပွဲအသစ်များ မကျင်းပပါက လေးနှစ်တာဝန်ထမ်းဆောင်ရသည့် အဖွဲ့ဝင် ၆၃ ဦး ပါဝင်သောတစ်ခုတည်းသော ဥပဒေပြုအဖွဲ့ဖြစ်ပါသည်။ အဖွဲ့ဝင်များအနက် ၅၄ ဦးနှင့် မဲဆန္ဒနယ်ပေါင်းစုံမှ အခြားအဖွဲ့ဝင် ကိုးဦး ရွေးချယ်ပြီး စာရင်းဖွင့်အချိုးကျကိုယ်စားပြုစနစ်ဖြင့် ရွေးကောက်တင်မြှောက်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရွေးကောက်ပွဲပြီးနောက် ပါလီမန်လွှတ်တော် (Althingi)ကို နှစ်ပတ်ထက် နောက်မကျစေဘဲ ခေါ်ယူကျင်းပရပါသည်။ လွှတ်တော်ဥက္ကဋ္ဌကို လွှတ်တော်ကိုယ်စားလှယ်များ၏ ထောက်ခံဆန္ဒမဲ သုံးပုံနှစ်ပုံဖြင့် ရွေးချယ်တင်မြှောက်သည်။ အိုက်စလန်နိုင်ငံ ပါလီမန်လွှတ်တော် (Althingi)အတွက် အမတ်နေရာ ခွဲဝေသတ်မှတ်ထားရှိမှုမှာ အနောက်မြောက် မဲဆန္ဒနယ်တွင် ၈ နေရာ၊ အရှေ့မြောက်မဲဆန္ဒနယ်တွင် ၁၀ နေရာ၊ တောင်ပိုင်းမဲဆန္ဒနယ်တွင် ၁၀ နေရာ၊ အနောက်တောင်မဲဆန္ဒနယ်တွင် ၁၃ နေရာ၊ Reykjavyk တောင်ပိုင်းတွင် ၁၁ နေရာနှင့် Rey- kjavyk မြောက်ပိုင်းတွင် ၁၁ နေရာ စသည်ဖြင့် စုစုပေါင်း ၆၃ နေရာသတ်မှတ်ထားသည်။

### ရွေးကောက်ပွဲသမိုင်းနှင့် ကျင်းပသည့် ရွေးကောက်ပွဲများ

အိုက်စလန်နိုင်ငံတွင် တရားရေးဝန်ကြီးဌာနသည် ဥပဒေပြုရေးနှင့် အထွေထွေရွေးကောက်ပွဲကျင်းပရေးတို့ကိုကြီးကြပ်ပြီး အမျိုးသားရွေးကောက်ပွဲကော်မရှင်က အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ (National Parliament, Althingi)၊ သမ္မတရွေးကောက်ပွဲ (Presidential Elections)၊ စည်ပင်သာယာရေးရွေးကောက်ပွဲ(Municipal Elections) နှင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ (Referenda) စသည့် ရွေးကောက်ပွဲများကို ကျင်းပသည်။

### ရွေးကောက်ပွဲစနစ်

အိုက်စလန်နိုင်ငံ၌ ၁၉၄၅ ခုနှစ်တွင် စတင်လည်ပတ်ခဲ့သော ရွေးကောက်ပွဲစနစ်သည် ၁၉၄၂ ခုနှစ်တွင် ကနဦး ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ ၁၉၁၅ ခုနှစ်တွင် D' Hondt PR စနစ်ကိုကျင့်သုံးခဲ့ပြီး ၁၉၂၀ ပြည့်နှစ်တွင် Reykjavyk ခရိုင်၌ D' Hondt List System ကို နောက်တစ်ဆင့်အနေဖြင့် အသုံးပြုခဲ့သည်။ ၁၉၅၉ ခုနှစ်တွင် သန့်စင်သောနှစ်လွှာ PR (a pure two – tier PR System)စနစ်ကို အစားထိုးအသုံးပြုခဲ့ပြီး ဤစနစ်သည်ပင် အိုက်စလန်နိုင်ငံတွင် အခြေခံရွေးကောက်ပွဲစနစ်အဖြစ် ယနေ့အထိရှင်သန်ခဲ့သည်။ ဖော်ပြပါရွေးကောက်ပွဲစနစ်ကို ပြင်ဆင်ပြောင်းလဲမှုအချို့ပြုလုပ်ပြီး ရွေးကောက်ပွဲများကို ကျင်းပလာခဲ့ရာ အိုက်စလန်နိုင်ငံ၏ ၂၀၂၁ ခုနှစ်တွင် ကျင်းပခဲ့သောပါလီမန် ရွေးကောက်ပွဲအား စာရင်းဖွင့်အချိုးကျကိုယ်စားပြုစနစ် (Open List PR System) ဖြင့် ကျင်းပပြုလုပ်ခဲ့သည်။

### ရွေးကောက်ပွဲကော်မရှင်ဖွဲ့စည်းမှု

အိုက်စလန်နိုင်ငံ၌ ရွေးကောက်ပွဲကော်မရှင်ကို (၁) အမျိုးသားရွေးကောက်ပွဲကော်မရှင်၊ (၂) မဲဆန္ဒနယ်မြေများ အကြီးတန်းရွေးကောက်ပွဲကော်မရှင် (စည်ပင်သာယာ အကြီးတန်းရွေးကောက်ပွဲကော်မရှင်)၊ (၃) တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် (ခရိုင်ရွေးကောက်ပွဲကော်မရှင်) နှင့် (၄) ဒေသဆိုင်ရာရွေးကောက်ပွဲကော်မရှင် ဟူ၍ ဖွဲ့စည်းထားရှိသည်။

### အဖွဲ့ဝင်အရေအတွက်နှင့် ရာထူးသက်တမ်း

အထွေထွေရွေးကောက်ပွဲ တစ်ခုပြီးနောက် ပါလီမန်လွှတ်တော် (Althingi) သည် အလှည့်ကျအဖွဲ့ဝင်အရေအတွက်တူညီသော အမျိုးသား ငါးဦးပါ အမျိုးသားရွေးကောက်ပွဲကော်မရှင်ကို ရွေးကောက်ခံကိုယ်စားလှယ်များထဲမှ ရွေးချယ်တင်မြှောက်ဖွဲ့စည်းပေးသည်။ အဆိုပါ အမျိုးသား ငါးဦးထဲမှ တစ်ဦးကို ဥက္ကဋ္ဌအဖြစ် ရွေးချယ်ရပြီး ကျန်အဖွဲ့ဝင်များအား အခြားတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ခွဲဝေပေးသည်။ အကယ်၍ ပါလီမန်လွှတ်တော်တွင်း ရောက်ရှိနေသော

*စာမျက်နှာ ၁၇ သို့*

**“ အိုက်စလန်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပါတီစုံစနစ်ဖြင့်တည်ထောင်ထားရှိသော သမ္မတနိုင်ငံဖြစ်သည်။ နိုင်ငံ၏အကြီးအကဲနှင့် ဦးသျှောင်မှာ သမ္မတဖြစ်သည်။ သမ္မတကို လူထုကတိုက်ရိုက် မဲပေးသည့်စနစ်ဖြင့် ရွေးချယ်တင်မြှောက်သည်။ သမ္မတ၏ တစ်ကြိမ်သက်တမ်းမှာ လေးနှစ်ဖြစ်ပြီး သက်တမ်းအကြိမ်ရေ အကန့်အသတ်မရှိ ဝင်ရောက်ရွေးချယ်ခံ တာဝန်ထမ်းဆောင်နိုင်သည်။ ပါလီမန်လွှတ်တော်တွင် ကိုယ်စားလှယ်နေရာ ၆၃ နေရာရှိသည့်အတွက် ၃၂ နေရာအထက် ရရှိအောင် စုဖွဲ့နိုင်သော ကိုယ်စားလှယ်နေရာအများဆုံးရရှိသည့် ပါတီများကသာ ညွန့်ပေါင်းအစိုးရအဖွဲ့ကို ဦးဆောင်ဖွဲ့စည်းနိုင်သည်။**

# နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ ဖွင့်လှစ်သော အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်း အမှတ်စဉ်(၄) သင်တန်းဆင်းပွဲများ ကျင်းပ



**နေပြည်တော် မတ် ၂၄**

နယ်စပ်ဒေသဖွံ့ဖြိုးရေးအစီအစဉ်အရ တိုင်းရင်းသားအမျိုးသမီးငယ်များ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ လူမှုစီးပွားဘဝတိုးတက်မြင့်မားလာစေရန်၊ အမျိုးသမီးများ အိမ်တွင်းမှုအသက်မွေးလုပ်ငန်းပညာများကို တတ်မြောက်ကျွမ်းကျင်ပြီး ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ထူထောင်နိုင်သည်အထိ လုပ်ကိုင်နိုင်ရန်ရည်ရွယ်၍ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဖွင့်လှစ်သင်ကြားပေးခဲ့သည့် အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်းအမှတ်စဉ်(၄) သင်တန်းဆင်းပွဲများကို ရှမ်းပြည်နယ်(မြောက်ပိုင်း) အိမ်တွင်းမှုအသက်မွေးဝမ်းကျောင်းလုပ်ငန်းပညာ သင်တန်းကျောင်း(လားရှိုး)**(အပေါ်ယာပုံ)**နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းတို့၌ ယနေ့ နံနက်ပိုင်းက ပြုလုပ်ရာ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းသူများနှင့် သင်တန်းနည်းပြ ဆရာမများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးများက သင်တန်းဆင်းအမှာစကားပြောကြားသည်။ ထို့နောက် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများမှ တာဝန်ခံ ကျောင်းအုပ်များက သင်တန်းကာလအတွင်း သင်ကြားပို့ချခဲ့သည့် သင်ခန်းစာများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် တိုင်းမှူးများက အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။

ထို့နောက် သင်တန်းများတွင် ဆုရရှိသူများကို တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ပြီး သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များကို တာဝန်ရှိသူများက ပေးအပ်သည်။ ယင်းနောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက ခန်းမများအတွင်း ခင်းကျင်းပြသထားသည့် သင်တန်းသူများ၏ အိမ်တွင်းမှုလက်ရာများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

အဆိုပါသင်တန်းများကို ၂၀၂၂ ခုနှစ်၊ အောက်တိုဘာ ၂၅ ရက်မှ ယနေ့အထိ ရက်သတ္တပတ် ၂၂ ပတ်ကြာ သင်ကြားပို့ချပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မဟာသင်္ကြန်ကာလအတွင်း ပြည်သူများနှင့်ဝန်ထမ်းများ အဆင်ပြေစွာခရီးသွားလာနိုင်ရန် အထူးရထားခရီးစဉ်များ ပြေးဆွဲမည်

**ရန်ကုန် မတ် ၂၄**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် မဟာသင်္ကြန်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရန်အတွက် ရန်ကုန်-မန္တလေး-ရန်ကုန်၊ နေပြည်တော်-ရန်ကုန် - နေပြည်တော်နှင့် ရန်ကုန်-ပြည်-ရန်ကုန် ခရီးစဉ်များကို ပုံမှန်ရထားများအပြင် သင်္ကြန်အထူးရထားများ တိုးချဲ့ပြေးဆွဲပေးမည်ဖြစ်ကြောင်း သိရသည်။

ဧပြီ ၇ ရက်တွင် ပြေးဆွဲမည့် ရန်ကုန်-မန္တလေး သင်္ကြန်အထူးရထားသည် ရန်ကုန်မှ ည ၇ နာရီ ၁၅ မိနစ်တွင်ထွက်ခွာ၍ နောက်နေ့ မွန်းလွဲ ၂ နာရီခွဲတွင် မန္တလေးသို့ လည်းကောင်း၊ မန္တလေး-ရန်ကုန် သင်္ကြန်အထူးရထားသည် ညနေ ၆ နာရီခွဲတွင် မန္တလေးမှ ထွက်ခွာ၍ နောက်နေ့ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ရန်ကုန်သို့ လည်းကောင်း၊ နေပြည်တော်-ရန်ကုန် သင်္ကြန်အထူးရထားသည်နေပြည်တော်မှ ညနေ ၆ နာရီခွဲတွင် ထွက်ခွာ၍ ရန်ကုန်သို့ နောက်နေ့ နံနက် ၇ နာရီ မိနစ်၂၀ တွင်လည်းကောင်း ဆိုက်ရောက်မည်ဖြစ်သည်။

ထို့အတူ ဧပြီ ၈ ရက်တွင် ပြေးဆွဲမည့် ရန်ကုန်-မန္တလေး သင်္ကြန်အထူးရထားသည် ရန်ကုန်မှ ည ၇ နာရီ ၁၅ မိနစ်တွင်ထွက်ခွာ၍ မန္တလေးသို့ နောက်နေ့ မွန်းလွဲ ၂ နာရီခွဲတွင် လည်းကောင်း၊ မန္တလေး-ရန်ကုန် သင်္ကြန်အထူးရထားသည် မန္တလေးမှ ညနေ ၆ နာရီခွဲတွင်ထွက်ခွာ၍ ရန်ကုန်သို့ နောက်နေ့ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ ရန်ကုန်-ပြည် သင်္ကြန်အထူးရထားသည် ရန်ကုန်မှ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာ၍ ပြည်သို့ ည ၈ နာရီ ၅၅ မိနစ်တွင် လည်းကောင်း၊ ပြည်-ရန်ကုန် သင်္ကြန်အထူးရထား သည် ပြည်မှ ည ၁၀ နာရီခွဲတွင် ထွက်ခွာ၍ ရန်ကုန်သို့ နောက်နေ့ နံနက် ၆ နာရီခွဲတွင် လည်းကောင်း ဆိုက်ရောက်ကြမည်ဖြစ်သည်။

အလားတူ ဧပြီ ၁၇ ရက်တွင် ပြေးဆွဲမည့် ရန်ကုန်-မန္တလေး သင်္ကြန်အထူးရထားသည် ရန်ကုန်မှ ည ၇ နာရီ ၁၅ မိနစ်တွင်ထွက်ခွာ၍ မန္တလေးသို့ နောက်နေ့ မွန်းလွဲ ၂ နာရီခွဲတွင် လည်းကောင်း၊ မန္တလေး-ရန်ကုန် သင်္ကြန်အထူးရထားသည် မန္တလေးမှ ညနေ ၆ နာရီခွဲတွင်ထွက်ခွာ၍ ရန်ကုန်သို့ နောက်နေ့ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် လည်းကောင်း၊ ရန်ကုန်-နေပြည်တော်သင်္ကြန်အထူးရထားသည် ရန်ကုန်မှ ညနေ ၅ နာရီခွဲတွင် ထွက်ခွာ၍ နေပြည်တော်သို့ နောက်နေ့ နံနက် ၆ နာရီ ၁၅ မိနစ်တွင် လည်းကောင်း၊ ရန်ကုန်-ပြည် သင်္ကြန်အထူးရထားသည် ရန်ကုန်မှ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာ၍ ပြည်သို့ ည ၈ နာရီ ၅၅ မိနစ်တွင် လည်းကောင်း၊ ပြည်-ရန်ကုန် သင်္ကြန်အထူးရထားသည် ပြည်မှ ည ၈ နာရီခွဲတွင် ထွက်ခွာ၍ ရန်ကုန်သို့ နောက်နေ့ နံနက် ၆ နာရီခွဲတွင် လည်းကောင်း ဆိုက်ရောက်မည် ဖြစ်ကြောင်း သိရသည်။

အထက်ပါနေ့ရက်များအပြင် ခရီးသွားပြည်သူများ လိုက်ပါစီးနင်းမှုအပေါ် မူတည်၍ လိုအပ်ပါက ဧပြီ ၉ ရက်နှင့် ၁၈ ရက်တို့တွင် အထူးရထားများကို ထပ်တိုးပြေးဆွဲပေးမည်ဖြစ်ပြီး သင်္ကြန်အကြို နေ့ဖြစ်သည့် ဧပြီ ၁၃ ရက်မှ သင်္ကြန်အတက်နေ့ဖြစ်သည့် ဧပြီ ၁၆ ရက်အထိ လူစီးအမြန်ရထားအချို့ ပြေးဆွဲမှုခေတ္တရပ်နားထားမည်ဖြစ်သည်။

ရထားစီး ခရီးသွားပြည်သူများအား အထက်တန်းလက်မှတ်ကို သုံးရက်ကြိုတင်၍လည်းကောင်း၊ ရိုးရိုးတန်းလက်မှတ်ကို တစ်ရက်ကြိုတင်၍ လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်ကြောင်းနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အနေဖြင့် လျှောက်လွှာများဖြင့် ကြိုတင်ဝယ်ယူနိုင်ကြောင်း မြန်မာ့ မီးရထားမှ သိရသည်။ **အာကာလင်း**



*စာမျက်နှာ ၁၆ မှ*

ကိုယ်စားလှယ်များထဲမှ အမျိုးသားရွေးကောက်ပွဲကော်မရှင်တွင် တာဝန် ထမ်းဆောင်လိုသူ မရှိပါက လေ့လာသူတစ်ဦးကို အမည်စာရင်းတင်သွင်းရန်နှင့် အခြားသူများကိုလည်း အလှည့်အပြောင်းအဖြစ် ခန့်အပ်ရန် ခွင့်ပြုပေးရသည်။ လေ့လာသူများသည် မဲပေးပိုင်ခွင့်မှလွဲ၍ ရွေးကောက်ခံအဖွဲ့ဝင်များကဲ့သို့ပင် အခွင့်အရေးတူညီစွာ ရရှိကြသည်။

မဲဆန္ဒနယ်တစ်ခုစီတွင် မဲဆန္ဒနယ်မြေများ အကြီးတန်းရွေးကောက်ပွဲကော်မရှင်တစ်ခုရှိရပြီး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်အရေအတွက်သည် အမျိုးသားရွေးကောက်ပွဲကော်မရှင်ကဲ့သို့ပင် ငါးဦးဖြစ်ပါသည်။ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား အမျိုးသားရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များရွေးချယ်သည့်နည်းလမ်းအတိုင်း ပါလီမန်လွှတ်တော်၌ ရွေးချယ်သည်။

မဲရုံတစ်ရုံလျှင် ရပ်ကွက်တစ်ခုသတ်မှတ်ထားပြီး ၎င်းသတ်မှတ်ချက်ထက်ကျော်လွန်၍ ရပ်ကွက်အရေအတွက် ပိုမိုများပြားလာသည့် မဲရုံများကို ကြီးကြပ်ရန် အဖွဲ့ဝင်သုံးဦးပါ ခရိုင်ရွေးကောက်ပွဲကော်မရှင်ကိုဒေသဆိုင်ရာအာဏာပိုင်များက ရွေးချယ်ခန့်အပ်သည်။ ထို့အတူ မဲရုံတစ်ရုံထက်ပိုရှိလာသော ဒေသန္တရဧရိယာများတွင် ဒေသဆိုင်ရာအာဏာပိုင်များသည် ခရိုင်ရွေးကောက်ပွဲကော်မရှင်များကို ကြီးကြပ်ရန် အထူးအကြီးတန်းရွေးကောက်ပွဲကော်မရှင်ကို အထက်ပါနည်းလမ်းအတိုင်း ရွေးချယ်တင်မြှောက်သည်။ သို့သော်လည်း အဆိုပါ အထူးအကြီးတန်းရွေးကောက်ပွဲကော်မရှင်သည် Rey-kjavyk မဲဆန္ဒနယ်၏ မဲဆန္ဒနယ်မြေများတွင်မူ အကြီးတန်းရွေးကောက်ပွဲကော်မရှင်၏ သဘောတူညီချက်ဖြင့်သာလျှင် လုပ်ငန်းတာဝန်များကို ကျင့်သုံးရမည်ဟု မြို့တော်ကောင်စီက ဆုံးဖြတ်သည်။

### ရွေးကောက်ပွဲစီမံခန့်ခွဲမှု

တရားရေးဝန်ကြီးဌာနသည် အထွေထွေရွေးကောက်ပွဲကျင်းပရေးကို ကြီးကြပ်ပြီး အမျိုးသားရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့သည် ပါလီမန်လွှတ်တော်ရွေးကောက်ပွဲ၊ သမ္မတရွေးကောက်ပွဲ၊ စည်ပင်သာယာရွေးကောက်ပွဲနှင့် ဆန္ဒခံယူပွဲကျင်းပရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ရသည်။

အထွေထွေရွေးကောက်ပွဲ ကျင်းပသည့်အခါ အမျိုးသားရွေးကောက်ပွဲကော်မရှင်သည် အမျိုးသားစာရင်းအင်းရုံး၏ လူဦးရေစာရင်းကို ရည်ညွှန်းပြီး ရွေးကောက်ပွဲနေ့မတိုင်မီ ငါးပတ်အလိုတွင် မဲဆန္ဒနယ် နယ်နိမိတ်များကို သတ်မှတ်ပေးရသည်။ ဤကဲ့သို့ သတ်မှတ်ရာတွင် လွှတ်တော်နေရာတစ်ခုစီ၏ နောက်ကွယ်ရှိ မဲဆန္ဒနယ်တစ်ခုစီတွင် မဲဆန္ဒရှင်ဦးရေ အရေအတွက်အနည်းအများ ညီမျှစေရန်နှင့် မဲဆန္ဒနယ်တစ်ခုစီသည် စဉ်ဆက်မပြတ်ဖြစ်ပေါ်လာစေရန် တတ်နိုင်သမျှသေချာစွာ သတ်မှတ်ပေးရပါသည်။ လွှတ်တော်ရွေးကောက်ပွဲများကျင်းပရန် နိုင်ငံအား မဲဆန္ဒနယ် ခြောက်နယ်အဖြစ် ပိုင်းခြားထားသည်။ အမျိုးသားရွေးကောက်ပွဲကော်မရှင်သည် မဲဆန္ဒနယ်မြေများသတ်မှတ်ထားရှိမှုကို ရွေးကောက်ပွဲနေ့မတိုင်မီ လေးပတ်ထက်နောက်မကျစေဘဲ အစိုးရပြန်တမ်းတွင် ကြေညာရသည်။

ရွေးကောက်ပွဲကျင်းပရန် မဲဆန္ဒရှင်စာရင်းများ ပြုစုပြီးပါက အများပြည်သူစစ်ဆေးကြည့်ရှုနိုင်ရန် ရွေးကောက်ပွဲမတိုင်မီ ၁၀ ရက်ထက်မနည်း ကြေညာရသည်။ ကြိုတင်မဲပေးရာတွင် အသုံးပြုမည့် သယ်ဆောင်ရလွယ်ကူသော မဲရုံအခင်းအကျင်း (Portable Polling Place) တို့ကိုလည်း စီမံဆောင်ရွက်ပေးရပြီး ကြိုတင်မဲပေးနိုင်သည့်နေ့ရက်နှင့် နေရာများကိုလည်း သတ်မှတ်ပေးရသည်။ မဲရုံတစ်ရုံ၌ ရာသီဥတုဆိုးရွားခြင်းကြောင့် လည်းကောင်း၊ ထိန်းချုပ်နိုင်မှုအခြေအနေ မရှိတော့သောကြောင့် လည်းကောင်း မဲပေးခြင်းကို မဆောင်ရွက်နိုင်ပါက ၎င်းမဲရုံ၌ မဲပေးခြင်းကို ရွှေ့ဆိုင်းနိုင်ပြီး အသစ်တစ်ဖန် မဲပေးစေခြင်းအား တစ်ပတ်အတွင်း ဆောင်ရွက်နိုင်သည်။

တရားရေးဝန်ကြီးဌာနသည် မဲလက်မှတ်များကို ပုံမှန်အားဖြင့် ရွေးကောက်ပွဲနေ့မတိုင်မီ ခုနစ်ရက်ထက်နောက်မကျစေဘဲ ပြင်ဆင်ရပြီး ၎င်းမဲလက်မှတ်များကို အကြီးတန်းရွေးကောက်ပွဲ ကော်မရှင်ထံသို့ ချက်ချင်းပေးပို့ရသည်။ အကြီးတန်းရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ ရပ်ကွက်မဲစာရင်းရှိ မဲဆန္ဒရှင်အပေါ်တွင် ၁၀ ရာခိုင်နှုန်း ထပ်ဆောင်းပေါင်းထည့်ထားသော မဲလက်မှတ်များကို လုံခြုံသောနည်းလမ်းဖြင့် ဒေသဆိုင်ရာရွေးကောက်ပွဲကော်မရှင်တစ်ခုစီသို့ ခွဲဝေပေးပို့ရသည်။ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၂၀၀၀ ပြည့်နှစ် ရွေးကောက်ပွဲဥပဒေနှင့် ဆက်စပ်ဥပဒေများကို ရွေးကောက်ပွဲကျင်းပရန်အတွက် ရှင်းလင်းပြီး အသေးစိတ်ကျသည့် ဥပဒေမူဘောင်များအဖြစ် ချမှတ်ထားသည့်အပြင် အဆိုပါဥပဒေများကို အမျိုးသားအဆင့်နှင့် ဒေသဆိုင်ရာအဆင့် အာဏာပိုင်များက သမာသမတ်ကျစွာ လိုက်နာဆောင်ရွက်နိုင်ရေး စီမံကြီးကြပ်မှုများကိုလည်း ဆောင်ရွက်သည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ပြန်ကြားရေးဝန်ကြီးဌာန အင်္ဂလိပ်ဘာသာကျွမ်းကျင်မှုအခြေခံသင်တန်းဆင်းပွဲ ကျင်းပ



**နေပြည်တော် မတ် ၂၄**
ပြန်ကြားရေးဝန်ကြီးဌာန အင်္ဂလိပ်ဘာသာကျွမ်းကျင်မှုအခြေခံသင်တန်းဆင်းပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ သင်တန်းနည်းပြနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးက မိမိတို့ ထမ်းဆောင်နေသည့် မီဒီယာလုပ်ငန်းတွင် အကျုံးဝင်နေသည့် ဘာသာစကားများအားလုံးကို သိရှိနှံ့စပ်နေမည်ဆိုပါက လုပ်ငန်းများလုပ်ဆောင်ရာတွင် ပိုမိုအဆင်ပြေချောမွေ့မည် ဖြစ်ပါကြောင်း၊ မီဒီယာလုပ်ငန်းတွင်သာမက ရုံးလုပ်ငန်းများတွင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြောဆိုဆက်သွယ်ရာ၌ အင်္ဂလိပ်ဘာသာသည် နိုင်ငံတကာသုံး ဘာသာဖြစ်သည့်အတွက် အင်္ဂလိပ်ဘာသာစကား အရည်အသွေးကောင်းမွန်နေရန် လိုအပ်ပါကြောင်း။

နည်းပညာခေတ်ဟူ၍ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ သတင်းအချက်အလက်နည်းပညာများသည်လည်း အချိန်နှင့်အမျှပြောင်းလဲတိုးတက်နေပါကြောင်း၊ အင်္ဂလိပ်ဘာသာအပြင် ကွန်ပျူတာ၊ ဒစ်ဂျစ်တယ်နည်းပညာတို့တွင် အင်္ဂလိပ်ဘာသာ အခြေခံကျွမ်းကျင်ရန် လိုအပ်ပါကြောင်း၊ သင်တန်းသားများအနေဖြင့် အင်္ဂလိပ်စာကျွမ်းကျင်မှု အခြေခံသင်တန်းမှ သင်ကြားပေးလိုက်သည့် အသိပညာများကို လက်တွေ့နယ်ပယ်တွင် အသုံးချနိုင်ရေး ဆက်လက်လေ့လာ ကြိုးပမ်းဆောင်ရွက်သွားကြစေလိုပါကြောင်း ပြောကြားသည်။ (ဝဲပုံ)

ထို့နောက် ဒုတိယဝန်ကြီး ဦးရဲတင့်က ပညာရေးဝန်ကြီးဌာနမှ သင်တန်းနည်းပြဆရာမ ဒေါ်စောလှနန္ဒာအား အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဌာနများမှ ဝန်ထမ်းများ အင်္ဂလိပ်စာအရည်အသွေးကောင်းမွန်စေရေးအတွက် ရည်ရွယ်၍ ပထမအကြိမ် သင်တန်းကို ၂၀၂၁ ခုနှစ် ဧပြီ ၂၇ ရက်မှ ဇွန် ၂၂ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး ယခု ဒုတိယအကြိမ်အဖြစ် သင်တန်းသား သင်တန်းသူ ၃၉ ဦးဖြင့် မတ် ၆ ရက်မှ ၂၄ ရက်အထိ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဝင်းရှိန် CMP စက်ရုံများတွင် လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေး

**ရန်ကုန် မတ် ၂၄**
အလုပ်သမားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ယမန်နေ့က အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အလုပ်သမားရေးရာဌာနများမှ တာဝန်ရှိသူများနှင့် လှိုင်သာယာမြို့နယ်ရှိ Myanmar LYN CAPS Co.,Ltd ဦးထုပ်စက်ရုံနှင့် Newtop Lotus Co.,Ltd အထည်ချုပ်စက်ရုံသို့ သွားရောက်ပြီး လုပ်ငန်းခွင်အတွင်း စက်ရုံ၊ အလုပ်ရုံများ၌ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်၍ အရည်အသွေးမြင့် ထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ရေး ကြည့်ရှုအားပေးသည်။ (ဝဲပုံ)



ဒုတိယဝန်ကြီးနှင့် အဖွဲ့အား စက်ရုံ အစည်းအဝေးခန်းမ၌ စက်ရုံတာဝန်ခံများနှင့် အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီဝင်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီဝင်များက လုပ်ငန်း ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကာ ဒုတိယဝန်ကြီးက လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းရန် အလုပ်ရှင်၊ အလုပ်သမား လုပ်ငန်းခွင်ဆက်ဆံရေးကောင်းမွန်မှုသည် အဓိကကျပြီး အရည်အသွေးမီ ထုတ်ကုန်များ အချိန်မီ ထုတ်လုပ်နိုင်ရေး ကျွမ်းကျင်လုပ်သားများ၏ စွမ်းဆောင်မှုသည် အဓိကမောင်းနှင်အားဖြစ်သည်ကို ကောင်းစွာသိရှိနားလည်ပြီး ကြီးကြပ်ရေးမှူးများကို သင့်တင့်မျှတသော လုပ်ငန်းခွင်ဆက်ဆံရေး တည်ဆောက်ရန် အားပေးကာ အလုပ်သမားများအနေဖြင့် လုပ်ငန်းခွင်စည်းကမ်းများကို အလေးထားလေးစားလိုက်နာဆောင်ရွက်ရန်၊ စက်ရုံအတွင်းရှိ သတ်မှတ်အဆင့်မီသူများကို ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များ ရယူနိုင်ရေး အားပေးဆောင်ရွက်ရန်၊ လုပ်ငန်းခွင်ဘေး အန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင် မတော်တဆထိခိုက်မှုနှင့် လုပ်ငန်းခွင် ရောဂါရရှိခံစားမှု လျော့နည်းကျဆင်းစေရေး၊ ဦးစီးဌာန၏ အမိန့်နှင့် ညွှန်ကြားချက်များ၊ စစ်ဆေးရေး အရာရှိများ၏ အကြံပြုချက်များကို ကောင်းစွာ သိရှိလိုက်နာဆောင်ရွက်ရန်၊ အလုပ်သမားရေးရာ အငြင်းပွားမှုများ လျော့နည်းစေရေး၊ အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) နှင့် အလုပ်သမား အဖွဲ့အစည်းများသည် အလုပ်ရှင်များနှင့် စဉ်ဆက်မပြတ် ထိတွေ့ပြီး မျှတသည့် အလုပ်သမားရေးရာ ဆက်ဆံမှု ရှိရမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြား၍ အလုပ်သမားကိုယ်စားလှယ်များ၏ တင်ပြချက်များကို စက်ရုံ၊ အလုပ်ရုံတာဝန်ခံများနှင့် ညှိနှိုင်းဆောင်ရွက်ပေး၍ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်ကုတ်မြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲကျင်းပ

**တောင်ကုတ် မတ် ၂၄**
ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် မွေးမြူရေးဆိုင်ရာ (အသေးစား ကဏ္ဍ) အရင်းမပျောက် မတည်ရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့က ကြိုးကြာကွင်းကျေးရွာအုပ်စု မှန်နီကျေးရွာရှိ သုခိတာရာမ ကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်မွေးမြူရေးဆိုင်ရာ(အသေးစားကဏ္ဍ)ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မြင့်လှိုင်က အမှာစကား ပြောကြားပြီး ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးမောင်ပုနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာ အောင်မိုးမင်းတို့က မွေးမြူရေးဆိုင်ရာ (အသေးစား ကဏ္ဍ) အရင်းမပျောက် မတည်ရန်ပုံငွေ ပေးအပ်ရသည့် ရည်ရွယ်ချက်များနှင့် ဆောင်ရွက်မည့် လုပ်ငန်း အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။





ဆက်လက်၍ ခရိုင်မွေးမြူရေးဆိုင်ရာ(အသေးစားကဏ္ဍ) ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်မြင့်လှိုင်က ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေကျပ် သိန်း ၆၀၀ ကို မှန်နီကျေးရွာ စီမံကိန်းကြီးကြပ်မှုကော်မတီသို့ ပေးအပ်ပြီး **(အောက်ဝဲပုံ)** ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသာထွန်းစိန်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ မွေးမြူရေးဆိုင်ရာ (အသေးစားကဏ္ဍ) အရင်းမပျောက် မတည်ရန်ပုံငွေကျပ် သိန်း ၆၀၀ ကို အဖွဲ့ဝင်တစ်ဦးလျှင် ငွေကျပ် ခြောက်သိန်းနှုန်းဖြင့် အဖွဲ့ဝင် ၁၀၀ သို့ ထုတ်ချေးပေးခဲ့ခြင်း ဖြစ်ပြီး ထုတ်ချေးငွေများအား မွေးမြူရေးဆိုင်ရာ(အသေးစားကဏ္ဍ) တွင် အရင်းမပျောက် မတည်ငွေများအဖြစ် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါက်တာ အောင်မိုးမင်းထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ကျောက်ဖြူမြို့၌ ရေငန်ပုစွန်သားပေါက်ကောင်ရေ ငါးသိန်း မျိုးစိုက်ထည့်

**နေပြည်တော် မတ် ၂၄**
ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ကျောက်ဖြူခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ဦးဆောင်၍ ကျောက်ဖြူမြို့ ငလပွေ့ချောင်းအတွင်းသို့ ရေငန်ပုစွန်သားပေါက်များ မျိုးစိုက်ထည့်ခြင်းအခမ်းအနားကို မတ် ၂၃ ရက်က ပြုလုပ်ရာ အဆိုပါအခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲလင်းမောင်နှင့်အဖွဲ့ဝင်များ၊ ခရိုင်ငါး/ပုစွန်မျိုးစိုက်ထည့်ခြင်းကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကြည်ဝင်းနှင့် တာဝန်ရှိသူများ၊ ကျောက်ဖြူပုစွန်သားပေါက်စခန်းတာဝန်ခံ နှင့် ဝန်ထမ်းများ တက်ရောက်ပြီး ငလပွေ့ချောင်းအတွင်း ရေငန်ပုစွန်သားပေါက်ကောင်ရေ ငါးသိန်းနှင့် မျိုးပုစွန်အမကောင်ရေ ၁၂ ကောင်ကို မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာနရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများ၌ သင်တန်းဆင်းပွဲများကျင်းပ

**နေပြည်တော် မတ် ၂၄**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ၂၄ ကျောင်းတို့၌ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်း၊ ရိုးရာဂျပ်ခုတ်သင်တန်း၊ အခြေခံလက်ရက်ကန်းသင်တန်း သင်တန်းဆင်းပွဲများကို ယနေ့နံနက်ပိုင်းတွင် ကျင်းပခဲ့ရာ လားရှိုးမြို့ သင်တန်းကျောင်းတွင် အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် နိုင်နိုင်ဦး (ယာပုံ)၊ ကျိုင်းတုံမြို့ သင်တန်းကျောင်းတွင် တြိဂံဒေသတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် နီလင်းအောင်၊ မုဒုံမြို့ သင်တန်းကျောင်းတွင် မွန်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့်၊ ဘားအံမြို့ သင်တန်းကျောင်းတွင် ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်၊ ပုသိမ်မြို့ သင်တန်းကျောင်းတွင် ဧရာဝတီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းနိုင်၊ လွိုင်ကော်မြို့ သင်တန်းကျောင်းတွင် ကယားပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မြင့်ဝေ၊ မိုင်းဆတ်မြို့ သင်တန်းကျောင်းတွင် အမှတ်(၁၄) စစ်ဆင်ရေး ကွပ်ကဲမှုဌာနချုပ် ခေတ္တစစ်ဆင်ရေး ကွပ်ကဲရေးမှူး ဗိုလ်မှူးကြီး မြင့်ကျော်တို့ တက်ရောက်ကြပြီး ကျန် တိုင်းဒေသကြီး/ပြည်နယ်များရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းများ၌ နယ်စပ်ရေးရာဝန်ကြီးဌာန ကွပ်ကဲမှုအောက် ဦးစီးဌာနများမှ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများနှင့် ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်သည်။

အဆိုပါ သင်တန်းများတွင် နယ်စပ်ဒေသအပါအဝင် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသော ဒေသများမှ အမျိုးသမီးငယ်များကို နေထိုင်စားသောက်ရေးနှင့် သင်ထောက်ကူ ပစ္စည်းများအား စရိတ်ငြိမ်းဖြင့် စာတွေ့ လက်တွေ့ သင်ကြားပေးလျက်ရှိရာ သင်တန်းပြီးဆုံးပါက ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်နိုင်ရန် အပ်ချုပ်စက်များကို အရစ်ကျရောင်းချပေးပြီး ရန်ကုန်၊ မန္တလေးစသည့် မြို့ကြီးများရှိ အထည်ချုပ်စက်ရုံများတွင် ဝင်ရောက်လုပ်ကိုင်နိုင်သည်အထိ အလုပ်အကိုင်ရရှိရေး ချိတ်ဆက် ဆောင်ရွက်ပေးသည့်အပြင် သင်တန်းထူးချွန်ရရှိသူများအား သင်တန်းကျောင်းမှ အပ်ချုပ်စက်တစ်လုံးစီ ဆုချီးမြှင့်ပေးသည်။

အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း ၂၄ ကျောင်းတွင် ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၅ ရက်မှ ၂၀၂၃ ခုနှစ် မတ် ၂၄ ရက်အထိ ရက်သတ္တ ၂၂ ပတ်ကြာ ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ်သင်ကြားပေးခဲ့ရာ သင်တန်းသူ ၇၉၀ တက်ရောက်ခဲ့သည်။ ဘဏ္ဍာနှစ်တစ်နှစ်လျှင် သင်တန်းနှစ်ကြိမ် ဖွင့်လှစ်ပေးလျက်ရှိပြီး သင်တန်းကျောင်းများ စတင်ဖွင့်လှစ်ချိန်မှ ယခုသင်တန်းအထိ သင်တန်းသူ စုစုပေါင်း ၉၀၅၂၂ ဦး သင်ကြားလေ့ကျင့်မွေးထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# APTERR အစီအစဉ် - ၃ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်း စီမံခန့်ခွဲရေးအဖွဲ့ Program Management Team(PMT) အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



**နေပြည်တော် မတ် ၂၄**

ASEAN Plus Three Emergeuncy Rice Reserve - (APTERR) အစီအစဉ် - ၃ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်း စီမံခန့်ခွဲရေးအဖွဲ့ Program Management Team (PMT) အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော် သင်္ဂဟဟိုတယ်၌ ကျင်းပရာ အခမ်းအနားတွင် PMT ဥက္ကဋ္ဌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦး၊ PMT ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်း၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းနှင့် အဖွဲ့ဝင်များ စုံညီစွာ တက်ရောက်ကြသည်။

အလုပ်ရုံ ဆွေးနွေးပွဲတွင် APTERR အစီအစဉ်-၃ အကောင်အထည်ဖော် ဆောင်ရွက်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ၊ APTERR အစီအစဉ်တွင် မြန်မာနိုင်ငံမှ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့မှုနှင့် လက်ရှိဆောင်ရွက်နေမှု၊ APTERR အစီအစဉ် - ၃ အကောင်အထည်ဖော်ဆောင်ရွက်မှုမှရရှိသည့် အကျိုးကျေးဇူးများနှင့် မြေပြင်အတွေ့အကြုံများကို ဆွေးနွေးခဲ့ကြကြောင်း၊ အာဆီယံ အပေါင်း-၃ အရေးပေါ် အရန်ဆန်ရိက္ခာ အစီအစဉ်(၃) APTERR (Tier-3) တွင် သိုလှောင်ဆန်ကို လှူဒါန်းမှုအကူအညီဖြင့် ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိရာ အဆိုပါအရေးပေါ် ကူညီထောက်ပံ့မှုသည် အကူအညီရယူသည့် နိုင်ငံ၏ ဆင်းရဲချမ်းသာမှု၊ ဆန်စပါးထုတ်လုပ်နိုင်မှု စွမ်းအားတို့နှင့် သက်ဆိုင်ခြင်းမရှိဘဲ ဒေသအတွင်း စားနပ်ရိက္ခာဖူလုံရေး၊ အရေးပေါ်လိုအပ်ချက် ကြုံတွေ့ရပါက ထိရောက်သော ဆန်ရိက္ခာ ကူညီထောက်ပံ့ပေးနိုင်ရေးကို ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**မြန်မာ့အလင်း**

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - မြင့်စိုး |
| သတင်းထောက်မှူး | - ခင်ရတနာ |
| စာတည်းများ | - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန် စာတည်း | - ဖြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၀၁၈၊ Fax ၀၁-၅၄၆၂၂၀၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၄ - ၃ - ၂၀၂၃

**ရွှေ**

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား ကျပ် | ၂၃၄၄၄၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား ကျပ် | ၂၃၄၃၃၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၉၉၀ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၉၈၉ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၀၀ ကျပ် | ၂၁၀၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၁၈၀ ကျပ် | ၂၂၃၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၁၀၀ ကျပ် | ၂၁၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၉၅ ကျပ် | ၂၂၄၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၅၁ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၇၄ . ၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၁ . ၄၉၃ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၆၁၇ . ၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၇၃ . ၉၉ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၅ . ၃၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၄၆၀ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၂၀၀ | ၈၁၀၀ | ၃၈၆ | ၃၁၂၈၇၀၀ |
| MTSH | ၃၁၅၀ | ၃၀၅၀ | ၂၁၃၁ | ၆၆၂၂၅၀၀ |
| MCB | ၇၃၀၀ | ၇၃၀၀ | ၄၁၁၁ | ၃၀၀၁၀၃၀၀ |
| FPB | ၁၅၅၀ | ၁၅၅၀ | ၁၀၁၂ | ၁၅၆၈၆၀၀ |
| TMH | ၂၆၀၀ | ၂၅၅၀၀ | ၃၀ | ၇၇၀၀၀ |
| EFR | ၂၆၅၀ | ၂၆၅၀ | ၄၈၀ | ၁၂၇၂၀၀၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၆ | ၂၉၄၀၀ |

ညီညီ - စုစည်းသည်

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၂၄

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်း နိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး သရက်မြို့နယ် သိမ်ကြီးလမ်းနေ အိသဲဖြူ(ခ) အေးမြတ်မွန်သည် ၎င်းအသုံးပြုသည့် "Thae Thae" Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် မောရဂီဝါ ရပ်ကွက်နေ ဟန်ထွဋ်စိုးသည် ၎င်းအသုံးပြုသည့် "Han Htut Soe" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမှတ်(၃)ရပ်ကွက်နေ သက်နောင်သည် ၎င်းအသုံးပြုသည့် "That Naung" Facebook အကောင့်၊ မြောက်ဥက္ကလာပမြို့နယ် နေသူများဖြစ်ကြသည့် ဖြိုးဟိန်းကျော်နှင့် စံလင်းအောင်(ခ) ဇွဲထက်တို့သည် ၎င်းတို့အသုံးပြုသည့် "Phyo Hein Kyaw" Facebook အကောင့်နှင့် "Zwe Htet" Facebook အကောင့်တို့သည် အသိပေးသတင်း ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး ကို ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီး ထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြား စေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော် ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ် ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ် ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက် ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ခင်ဦးမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြမ်းဖက်ပစ်ခတ်ဖောက်ခွဲတိုက်ခိုက်ရာတွင် အသုံးပြုသည့် လက်လုပ်စိန်ပြောင်း၊ လက်လုပ်မိုင်းများနှင့် ဆက်စပ်ပစ္စည်းများသိမ်းဆည်းရမိ



**နေပြည်တော် မတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြမ်းဖက်ပစ်ခတ် ဖောက်ခွဲတိုက်ခိုက်ရာတွင် အသုံးပြုသည့် လက်လုပ် စိန်ပြောင်း၊ လက်လုပ်မိုင်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်မှာ မတ် ၂၃ ရက် နံနက် ၇ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် မြကန် ကျေးရွာအတွင်း၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံ ရေးလုပ်ငန်းများဆောင်ရွက်နေစဉ် အဆိုပါကျေးရွာရှိ အခြေခံပညာ မူလတန်းကျောင်းအတွင်းမှ လက်လုပ် စိန်ပြောင်း ၁၀ လက်၊ လက်လုပ်ရှေ့ထွက်မိုင်းသုံးလုံး၊ လက်လုပ်မိုင်း သုံးလုံး၊ ၁၂ ဗို့ကျည် ၂၂ တောင့်၊ ကျည်ကာအင်္ကျီ တစ်ထည်၊ ကျည်ကာအင်္ကျီတွင် ထည့်သောသံပြား နှစ်ချပ်၊ ဆိုင်ကယ်ဘက်ထရီအိုး နှစ်လုံး၊ ပြောက်ကျားဦးထုပ်တစ်လုံး၊ လျှာထိုးဦးထုပ် တစ်လုံး၊ ပြောက်ကျားလည်တိုဖိနပ် သုံးရန်၊ လက်လုပ် စိန်ပြောင်း ဒေါက်တိုင် လေးချောင်း၊ ဝါးညှပ် သုံးခု၊ ဆေးထိုးပိုက် 20 CC အချောင်း၂၀၊ အရှည်ပေ ၃၀ ခန့် ရှိ ဝိုင်ယာကြိုး သုံးခွေ၊ အရှည်ပေ၂၀၀ ခန့်ရှိ နိုင်လွန် ကြိုး တစ်ခွေနှင့် အရှည် ၁၀၀ ပေခန့်ရှိ ငါးမျှားကြိုး (တိုက်ကြိုး) တစ်ခွေတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် စနစ်တကျ ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ထိုသို့ နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်၍ အကြမ်းဖက်ပစ်ခတ် တိုက်ခိုက် ဖောက်ခွဲရေးလုပ်ငန်းများ လုပ်ဆောင်နေ သည့် အကြမ်းဖက်သမားများကို ဖမ်းဆီးရမိ နိုင်ရေးနှင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေး အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်း စဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိ ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# FIFA-MFF U15 Youth League 2023 ပြိုင်ပွဲ ဇုန်နှစ်ခုခွဲ၍ ကျင်းပမည်

**ရန်ကုန် မတ် ၂၄**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် လူငယ်မျိုးဆက်သစ်များ ဘောလုံးလှုပ်ရှားမှု များတွင် ပါဝင်လာရေး၊ ပြည်တွင်းလူငယ်ပြိုင်ပွဲ များ စဉ်ဆက်မပြတ် ကျင်းပနိုင်ရေး၊ မျိုးဆက် သစ် လူငယ်ကစားသမားများ ပေါ်ထွက်လာ ရေး၊ FIFA, AFC, AFF လူငယ်ပြိုင်ပွဲများတွင် မြန်မာ့လက်ရွေးစင် လူငယ်အသင်းများ အောင်မြင်မှုရရှိရေးအတွက် ရည်ရွယ်၍ ကမ္ဘာ့ ဘောလုံးအဖွဲ့ချုပ် ညွှန်ကြားချက်များအတိုင်း အသက် (၁၅) နှစ်အောက် လူငယ်ဘောလုံး ပြိုင်ပွဲ ( FIFA–MFF U15 Youth League 2023) ကို ယခုနှစ် မေလပထမပတ်မှစတင်ကာ အထက်မြန်မာပြည်ဇုန်နှင့် အောက်မြန်မာပြည် ဇုန်အဖြစ် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် စုစုပေါင်းအသင်း ၂၄ သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး အထက်မြန်မာ ပြည်ဇုန်( မန္တလေး)တွင် မန္တလေးတိုင်းဒေသကြီး မှ နှစ်သင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ နှစ်သင်း၊ မကွေးတိုင်းဒေသကြီးမှ တစ်သင်း၊ နေပြည်တော်ကောင်စီမှ တစ်သင်း၊ ရှမ်း ပြည်နယ်မှ သုံးသင်း၊ ချင်းပြည်နယ်မှ တစ်သင်း၊ ကယားပြည်နယ်မှ တစ်သင်း၊ ကချင်ပြည်နယ်မှ တစ်သင်း၊ အောက်မြန်မာပြည်ဇုန် (ရန်ကုန်) တွင် ရန်ကုန်တိုင်းဒေသကြီးမှ သုံးသင်း၊ ပဲခူးတိုင်းဒေသကြီးမှ နှစ်သင်း၊ ဧရာဝတီ တိုင်းဒေသကြီး (ပုသိမ်)မှ နှစ်သင်း၊ တနင်္သာရီ တိုင်းဒေသကြီးမှ တစ်သင်း၊ မွန်ပြည်နယ်မှ နှစ်သင်း၊ ရခိုင်ပြည်နယ်မှ တစ်သင်း၊ ကရင် ပြည်နယ်မှ တစ်သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ် သည်။ ပြိုင်ပွဲကို အပတ်စဉ်စနေနှင့် တနင်္ဂနွေနေ့ များတွင် ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲကာလမှာ ပထမအကျော့ သုံးလ၊ ဒုတိယအကျော့ သုံးလ စုစုပေါင်း ခြောက်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ ပြိုင်ပွဲဝင်အသင်းများ မှတ်ပုံတင် ရမည့်ကာလကို မတ် ၃၁ ရက် နောက်ဆုံးထား သတ်မှတ်ထားပြီး မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ် FIFA–MFF U15 Youth League ဌာနသို့ ဆက်သွယ် မှတ်ပုံတင်ရမည်ဖြစ် သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ပြိုင်ပွဲ ဝင်ခွင့်ရအသင်းများကို တစ်သင်းလျှင် ငွေကျပ်သိန်း ၁၀၀ ထောက်ပံ့သွားမည်ဖြစ်ပြီး ဆုကြေးများအဖြစ် ပထမဆုရအသင်းအား ငွေကျပ် သိန်း ၅၀၊ ဒုတိယဆုရအသင်းအား ငွေကျပ် သိန်း ၃၀၊ တတိယဆုရအသင်းအား ငွေကျပ် သိန်း ၂၀၊ ဆုဖလားနှင့် ဆုတံဆိပ်များ ချီးမြှင့်သွားမည် ဖြစ်သည်။

**ကိုညီလေး**

■ *ကျော့ဖုံးမှ*

ဒုတိယအဆင့် ခြေစစ်ပွဲတွင် ပထမအဆင့်မှ တက်ရောက်လာသည့် ရှစ်သင်းအား အုပ်စုနှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်သည်။ ပထမအဆင့် ခြေစစ်ပွဲကို ယခုလအတွင်း ကျင်းပခဲ့ပြီး မြန်မာအသင်းနှင့်အတူ သြစတြေးလျ၊ တရုတ်၊ ဗီယက်နမ်၊ အီရန်၊ နီပေါ၊ လက်ဘနွန်နှင့် တရုတ် (တိုင်ပေ)အသင်းတို့ တက်ရောက်လာခြင်းဖြစ်သည်။ အုပ်စုမဲခွဲမှုအရ အုပ်စု(က)တွင် သြစတြေးလျ၊ ဗီယက်နမ်၊ အီရန်၊ လက်ဘနွန်၊ အုပ်စု (ခ) တွင် တရုတ်၊ မြန်မာ၊ နီပေါနှင့် တရုတ်(တိုင်ပေ)အသင်းတို့ ပါဝင်နေ ပြီး ဒုတိယအဆင့်ခြေစစ်ပွဲကို ဧပြီ ၃ ရက်မှ ၁၁ ရက်အထိ ကျင်းပမည် ဖြစ်ကာ အုပ်စုတစ်ခုစီမှ အမှတ်အများဆုံးရရှိသည့် ထိပ်ဆုံး နှစ်သင်းစီ မှာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ **ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**



# အင်္ဂလန်၏ ထာဝရဂိုးသွင်းအများဆုံး ကစားသမားဖြစ်လာသည့် ကိန်း



ဥရောပချန်ပီယံရှစ်ခြေစစ်ပြိုင်ပွဲ အုပ်စု (စီ) ပွဲစဉ် (၁) မှ နာမည်ကြီး အီတလီနှင့် အင်္ဂလန်အသင်းတို့ ပွဲစဉ်တွင် အင်္ဂလန်အသင်းက နှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အဆိုပါ ပွဲစဉ်ကို မတ် ၂၄ ရက် နံနက် ၂နာရီ ၁၅ မိနစ်က အီတလီအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ် သည်။

အိမ်ရှင် အီတလီအသင်းသည် ဧည့်သည်အင်္ဂလန်အသင်းကို ဖိအားပေးထိန်းချုပ် ကစားနိုင်ခဲ့သော်လည်း နိုင်ပွဲဖော်ဆောင်နိုင်သည် အထိ လုံလောက်မှုမရှိခဲ့ပေ။ ပွဲချိန် ၁၃ မိနစ်တွင် ဒက္ကလန်ရိုက်စ် ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် အင်္ဂလန်အသင်း ဦးဆောင်ဂိုး ရရှိခဲ့သည်။ ထို့နောက် ပွဲချိန် ၄၄ မိနစ်တွင် အင်္ဂလန်အသင်း ပယ်နယ်တီကန်သွင်းခွင့် ရရှိခဲ့ပြီး အသင်းခေါင်းဆောင် ဟယ်ရီကိန်းက အမှားအယွင်းမရှိ သွင်းယူပေးနိုင်ခဲ့သည်။ ကိန်း၏ အဆိုပါသွင်းဂိုးသည် အင်္ဂလန်အသင်း၏ ဂိုးသွင်း အများဆုံးစံချိန်တင်ထားသော ဝိန်းရွန်းနေ၏ ၅၃ ဂိုးစံချိန်ကို ကျော်ဖြတ်ကာ ၅၄ ဂိုးဖြင့် စံချိန်မှတ်တမ်းသစ်တင်နိုင်ခဲ့သည်။ အင်္ဂလန်အသင်းအတွက် ဂိုး ၄၀ နှင့်အထက် သွင်းယူထားနိုင်သူ ခြောက်ဦးရှိပြီး အခြားလေးဦးမှာ ဆာဘော်ဘီချာလ်တန်က ၄၉ ဂိုး၊ ဂယ်ရီလိုင်ကာက ၄၈ ဂိုး၊ ဂျင်မီဂရေ့က ၄၄ ဂိုးနှင့် မိုက်ကယ်အိုဝင်က ဂိုး ၄၀ သွင်းယူပေးထားနိုင်သည်။ **အောင်ဇော်**

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် နှမ်းစပါးစီမံကိန်းအတွက် ချေးငွေသဘောတူစာချုပ် ချုပ်ဆိုခြင်းနှင့် သွင်းအားစုထုတ်ပေးပွဲကျင်းပ

ကျောက်ဆည် မတ် ၂၄

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ နိုင်ငံ့စီးပွားမြှင်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် နှမ်းစပါး စီမံကိန်းအတွက် ချေးငွေသဘောတူစာချုပ် ချုပ်ဆိုခြင်းနှင့် သွင်းအားစုထုတ်ပေးခြင်းကို ယနေ့ နံနက် ၉ နာရီက ကျောက်ဆည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောက်ဆည်ခရိုင် စီမံအုပ်ချုပ်ရေး အဖွဲ့ အဖွဲ့ဝင်(၂) ဦးအောင်သူက ကျောက်ဆည်ခရိုင်အနေဖြင့် နှမ်းစပါးများကို ကျေးရွာအုပ်စု ငါးအုပ်စုတွင် ၄၂၆ ဧက စိုက်ပျိုးသွားမည်ဖြစ်ရာ ကျောက်ဆည်မြို့နယ်အနေဖြင့် ကျေးရွာအုပ်စု သုံးအုပ်စု၌ ၃၂၆ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် မိမိနယ်မြေဖွံ့ဖြိုးတိုးတက်ရေး စံနမူနာပြဆောင်ရွက်သွားကြရန် အမှာစကားပြောကြားခဲ့ပြီး မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယ တိုင်းဒေသကြီးဦးစီးမှူး ဦးဇော်ဝင်းထွန်းက တိုင်းဒေသကြီး အတွင်း နှမ်းစပါးများကို ဧက သုံးသောင်း စိုက်ပျိုးသွားမည် ဖြစ်ကြောင်း၊ လာမည့်မိုးရာသီတွင်လည်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ရာ တောင်သူများအနေဖြင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျောက်ဆည်မြို့နယ် လုပ်ငန်းကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးမြင့်အောင်က နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့်ဆောင်ရွက်သည့် နှမ်းစပါးစီမံကိန်းအတွက် ချေးငွေသဘောတူစာချုပ် ချုပ်ဆိုခြင်းနှင့် သွင်းအားစုထုတ်ပေးခြင်းအကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့ပြီး ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဦးငွေဒိုး၊ မန္တလေးတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးဇော်ဝင်းထွန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဇော်ဦးနှင့် အာမိုကုမ္ပဏီမှ နယ်မြေတာဝန်ခံ ဦးနိုင်နိုင်အောင်တို့က တောင်သူများအား ငွေကျပ်နှစ်သိန်းဖြင့် ညီမျှသော သွင်းအားစုပစ္စည်းများ တောင်သူများ လက်ဝယ်ထောက်ပံ့ပေးအပ်ခဲ့သည်။ မြို့နယ်(ပြန်/ဆက်)



## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ဆရာ ဆရာမများ မွမ်းမံသင်တန်းတွင် အသိပညာပေးဆွေးနွေးမှုအစီအစဉ်များ ကျင်းပ

နေပြည်တော် မတ် ၂၄

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် ပညာရေး ဝန်ကြီးဌာနနှင့်ပူးပေါင်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေး နှင့်စပ်လျဉ်း၍ အသိပညာရရှိစေရန်၊ အဂတိလိုက်စားမှုကို တွန်းလှန်တိုက်ဖျက်ရာတွင် အဓိကကျသည့် ဖြောင့်မတ် တည်ကြည်မှုရှိသည့် အသိုက်အဝန်း တည်ဆောက်ရန်အတွက် ဆရာ ဆရာမများ မွမ်းမံသင်တန်းများတွင် အသိပညာပေး အစီအစဉ်များကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ကော်မရှင်အဖွဲ့ဝင်များက ကြီးကြပ်လိုက်ပါလျက် ကော်မရှင် (ရုံးခွဲ) များမှ အရာထမ်းများက မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစည်မြို့နယ်ရှိ အထက (၂၆) တွင်လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ရှိ ကျိုင်းတုံ အ.ထ.က (၂) နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)ရှိ တောင်ကြီး အ.ထ.က (၂) တို့တွင် လည်းကောင်း၊ ဧရာဝတီ တိုင်းဒေသကြီးရှိ ပုသိမ် အ.ထ.က(၁)တွင်လည်းကောင်း၊ ကယားပြည်နယ်ရှိ လွိုင်ကော် အ.ထ.က (၁) နှင့် အ.လ.က(၂)၊ ဘော်လခဲခရိုင်နှင့် မယ်စဲ့ခရိုင်ရှိ အထကကျောင်းတို့တွင် Online စနစ်ဖြင့်လည်းကောင်း အသိပညာပေး ဆောင်ရွက်ခဲ့ ပြီး ဆရာ ဆရာမများကလည်း စိတ်ဝင်တစား မေးမြန်းဆွေးနွေး ခြင်းများ ဆောင်ရွက်ကြောင်း သိရသည်။ သတင်းစဉ်

## ငြင်းချက်ထုတ်ရန် သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
## လှိုင်လင်မြို့နယ်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂

ဦးမင်းနိုင်ဦး နှင့် ဒေါ်အေးအေး
တရားလို တရားပြိုင်

လှိုင်လင်ခရိုင်၊ ပင်လုံမြို့နယ်၊ ပိတောက်လမ်း၊ နယ်မြေ(၁)၊ အမှတ်(၁) ရပ်ကွက်၊ ပင်လုံမြို့နေ တရားပြိုင် ဒေါ်အေးအေး(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမင်းနိုင်ဦးက လင်မယားကွာရှင်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၃ ခုနှစ် ဧပြီ ၆ ရက် (၁၃၈၄ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၂ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည် ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာ မရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ငြင်းချက်များ ကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင် လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက် ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်း ရမည်။

၂၀၂၃ ခုနှစ် မတ် ၂၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(အောင်မင်းထွန်း)
ဒုတိယ မြို့နယ်တရားသူကြီး
လှိုင်လင်မြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၂)၊ မြေကွက် အမှတ် (၄၃၂)၊ မြေကွက်တည်နေရာအမှတ် (၄၃၂)၊ ဘုရင့်နောင်လမ်း၊ ၃၂-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (ဦးထွန်းရွှေ၊ CG-053962) မြေအမည်ပေါက်(ဖခင်)ဦးထွန်းရွှေသည်၂၇-၁၂-၂၀၁၆ရက်တွင်လည်းကောင်း၊ (မိခင်) ဒေါ်ရီရီသန်းသည် ၃-၃-၂၀၀၅ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန် ခဲ့ကြကြောင်း၊ (ဖခင်)ဦးထွန်းရွှေနှင့် (မိခင်) ဒေါ်ရီရီသန်းတို့မှ သားသမီးအဖြစ် ဦးကံထွန်းတစ်ဦးတည်းကိုသာ မွေးဖွားခဲ့ကြောင်း၊ ဦးကံထွန်းသည် ၃၁-၅-၂၀၂၀ ရက်တွင် ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်မြင့်မြင့်ခိုင် ၁၂/ပဇတ(နိုင်) ၀၀၃၄၉၀မှ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ကြောင်းနှင့် ၎င်းတစ်ဦးတည်းသာ အမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ ၎င်းမှတပါး အခြားအမွေဆက်ခံသူမရှိကြောင်း၊ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဦးထွန်းရွှေ၏ သေဆုံးမှု လက်မှတ်၊ ဒေါ်ရီရီသန်း၏ သေဆုံးမှုလက်မှတ်(ပထမမိတ္တူမှန်)၊ ဦးကံထွန်း (ခင်ပွန်း)၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စု လူဦးရေစာရင်း၊ နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)တို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်မြေပုံ၊ အရောင်းအဝယ်မှတ်ပုံ တင်စာချုပ်ချုပ်ဆိုရန် မြေပုံ (Portion) (၄)ပုံ (၂)ပုံချုပ် လျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် BGO/1628, ယာဉ်လက်ဝယ်ရှိသူ ဦးခင်သိန်း ၇/ပခန(နိုင်) ၁၈၇၈၀၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး
(ပဲခူး)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/83863, ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကိုကို ၇/ဒဥန(နိုင်)၁၄၈၀၅၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး
(ပဲခူး)

### အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့်ဆောင်ရွက်ခဲ့သောအိမ်ရာများ၊ ယာယီမြေရှင်အဖြစ် ဆောင်ရွက်သောတိုက်ခန်းများအား ကန်ထရိုက်တာထံမှလည်းကောင်း၊ ကုမ္ပဏီထံမှလည်းကောင်း၊ ကုမ္ပဏီထံမှ ဝယ်ယူထားသူကွယ်လွန်သဖြင့် ဇနီးမှ သမီးသို့ မေတ္တာဖြင့်အပိုင်ပေးစာချုပ်ဖြင့် ရရှိထားသူထံမှလည်းကောင်း၊ အဆောက်အအုံနေထိုင်ခွင့်စာချုပ်၎င်းလက်ဝယ် ပျောက်ဆုံးသဖြင့် မိတ္တူမှန် ထုတ်ယူခွင့်ပြုပါရန်လည်းကောင်း၊ ဌာနမှဝယ်ယူခွင့်ရရှိသူထံမှ လည်းကောင်း၊ အမည်ပေါက်ထံမှတစ်ဆင့်၊ အဆင့်ဆင့်ဝယ်ယူထားသူများကလည်းကောင်း၊ ၎င်းတို့၏ အမည်ဖြင့် အဆောက်အအုံနေထိုင် ခွင့်စာချုပ်ချုပ်ဆိုခွင့်ပြုပါရန်လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက် အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေး ကြေညာ အပ်ပါသည်-

